ကြေးမုံ

The Mirror

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်၊ တနင်္ဂနွေနေ့၊ (10-2-2008) (၅၅၈၉)

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

တစည်းတလုံးတည်းသော လူမျိုးအဖြစ် တိုးတက်ဖြစ်ထွန်းလာ

မိမိတို့ တိုင်းရင်းသားလူမျိုးများအတွင်း သုခ၊ ဒုက္ခအပေါင်းကို အေးအတူ၊ ပူအမျှ ဝေမျှခံစားလျက် ခွဲခြားမရသည့် မိသားစုကြီးအဖြစ် ပေါင်းစည်းယှက်နွယ် နေထိုင်လာခဲ့ကြသည်။ ထိုအစဉ်အလာကောင်းများက ဖန်တီးဖော်ဆောင်ခဲ့သည့် အကျိုးရလဒ်ကောင်းများကြောင့် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ် ထွန်းပြောင်မြင့်မားသော "မြန်မာ" ဟူသည့် တစည်းတလုံးတည်းသော လူမျိုးအဖြစ် တိုးတက်ဖြစ်ထွန်းလာခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ –

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ အတည်ပြုခြင်းကို ၂၀၀၈ ခုနှစ် မေလတွင် ကျင်းပသွားမည်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြေညာချက်အမှတ် ၁/၂၀၀၈ နှင့် ၂/၂၀၀၈ ထုတ်ပြန်ကြေညာ

နေပြည်တော် ဖေဖော်ဝါရီ ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြေညာချက်အမှတ် ၁/၂၀၀၈ နှင့် ကြေညာချက်အမှတ် ၂/၂၀၀၈ ကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၉ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
(ကြေညာချက်အမှတ် ၁/၂၀၀၈)
၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)

၁။ နိုင်ငံတော်တွင် ပြည်သူတို့၏ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် လိုအပ်သဖြင့် ၁၉၉၃ ခုနှစ်တွင် အမျိုးသားညီလာခံကို စတင်ကျင်းပခဲ့ရာ အကြောင်းအမျိုးမျိုးကြောင့် ၁၉၉၆ခုနှစ်တွင် ယာယီရပ်ဆိုင်းခဲ့ရပါသည်။ ထို့နောက် ၂၀၀၄ခုနှစ်တွင် ပြန်လည်ခေါ်ယူကျင်းပခဲ့ရာ ၂၀၀၇ခုနှစ်၌ အောင်မြင်စွာ ပြီးစီးခဲ့ပါသည်။

၂။ အမျိုးသားညီလာခံတွင် နိုင်ငံရေးပါတီကိုယ်စားလှယ်များအစုအဖွဲ့၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင် အတတ်ပညာရှင်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များအစုအဖွဲ့ စသည့် အစုအဖွဲ့ပေါင်း(၈)ဖွဲ့မှ ကိုယ်စားလှယ်ပေါင်းတစ်ထောင်ကျော် တက်ရောက်ဆွေးနွေး ညှိနှိုင်းခဲ့ကြပါသည်။

၃။ အဆိုပါကိုယ်စားလှယ်များတွင် နိုင်ငံတော်အတွင်းမှီတင်းနေထိုင်ကြသော တိုင်းရင်းသားမျိုးနွယ်စုပေါင်း တစ်ရာကျော်တို့ကို ကိုယ်စားပြုသည့် မြို့နယ်တိုင်းမှ ကိုယ်စားလှယ်များ စုံညီစွာတက်ရောက်ခဲ့ကြပါသည်။ ထို့အတူ အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များအစုအဖွဲ့တွင် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီးဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကိုလည်း ပါဝင်တက်ရောက်ခွင့်ပြုခဲ့ပါသည်။

၄။ အဆိုပါအမျိုးသားညီလာခံမှ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲနိုင်ရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို တညီတညွတ်တည်း ချမှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက်အမှတ် ၂/၂၀၀၇ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်သည် အမျိုးသားညီလာခံက ချမှတ်ပေးခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲလျက်ရှိရာ မကြာမီ ပြီးစီးတော့မည်ဖြစ်ပါသည်။

၅။ သို့ပါ၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ စတုတ္ထအဆင့်နှင့်အညီ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်းကို ၂၀၀၈ ခုနှစ် မေလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❐

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ထူးခြားသည့် ညအပူချိန်များ

(၉–၂–၂၀၀၈)

ပင်လောင်း	–	(၄)ဒီဂရီစင်တီဂရိတ်
လွိုင်လင်	–	(၅)ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်	–	(၆)ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၉–၂–၂၀၀၈)

မချမ်းဘော	–	၀ ဒသမ ၁၆ လက်မ
ပူတာအို	–	၀ ဒသမ ၀၈ လက်မ

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၀-၂-၂၀၀၈
(တနင်္ဂနွေနေ့)

စီးပွားဖြစ်ထွန်းမှု အခြေခံကောင်းများမြှင့်တင်

နိုင်ငံတော်အစိုးရက နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုတစ်ဝန်း၌ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး အပါအဝင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေခံကောင်းများကို ဖန်တီးဖော်ဆောင်ပေးလျက်ရှိရာ ဒေသအလိုက် ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည်။

ချင်းပြည်နယ်သည် သဘာဝတောတောင် ရေမြေ ရာသီဥတု အနေအထားအရ ကားလမ်းကြောင်းတစ်ခုတည်းကိုသာ အဓိကအားထားနေခဲ့ရသည်။ ယခုအခါ ကလေး-ဖလမ်း-ဟားခါးလမ်း၊ ဟားခါး-ဂန့်ဂေါလမ်း၊ ဟားခါး-မတူပီလမ်း၊ မင်းတပ်-မတူပီလမ်း စသည့် လမ်းမကြီးလေးသွယ်နှင့် ဆက်စပ်လမ်းများ ကောင်းမွန်ရေးအတွက် တိုးချဲ့ပြုပြင်ဆောင်ရွက်ပေးလျက်ရှိရာ ကူးသန်း ဆက်သွယ်သွားလာမှု ပိုမိုအဆင်ပြေ လွယ်ကူလာသည်။

ဒေသအတွင်း၌ လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာရေးအတွက် နိုင်ငံတော်က အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည့်နည်းတူ ချင်းပြည်နယ်နှင့် ဆက်စပ်နေသည့် ကလေးဒေသ၌ တက္ကသိုလ်၊ ကောလိပ်များကို ထူထောင်ပေးထားရာ လူငယ်များ အဆင့်မြင့်ပညာများကို လက်လှမ်းတမီ ဆက်လက်သင်ယူနိုင်ကြပြီ ဖြစ်သည်။

ပြည်နယ်အတွင်း ခရိုင်၊ မြို့နယ် ပြည်သူ့ဆေးရုံများနှင့် နယ်စပ်အစွန်အဖျားရှိ ကျီခါးမြို့၊ ရိခေါဒါရ်မြို့တို့အထိ ဆေးရုံများ တိုးချဲ့ဖွင့်လှစ်ပေးထားသဖြင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်လျက်ရှိကြောင်း တွေ့ရသည်။

ဒေသ၏ ရေမြေအနေအထားအရ ဝမ်းစာစပါးအပါအဝင် သီးနှံများ အထွက်နှုန်းတိုးရေး၊ ဝင်ငွေတိုးအကျိုးရှိသည့် နှစ်ရှည်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးနှင့် ဒေသနှင့်ကိုက်ညီမည့် မွေးမြူရေးလုပ်ငန်းများကို ပိုမိုအားစိုက် ဆောင်ရွက်ကြရမည် ဖြစ်သည်။ ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်နေမှု အစား လှေကားထစ်လယ်ယာမြေ၊ ကုန်းမြင့်လယ်ယာမြေတို့ကို ဖော်ထုတ်စိုက်ပျိုးကြရန် လိုအပ်သည်။ အထူးသဖြင့် အေးမြသောရာသီဥတုနှင့် တောင်ကုန်းဒေသများတွင် အောင်မြင် ဖြစ်ထွန်းနိုင်သည့် လက်ဖက်ကို ပြည်နယ်တစ်ခုလုံး စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးကြရမည်ဖြစ်သည်။

နိုင်ငံတော်က စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အခြေခံကောင်းများ ဖြည့်ဆည်းမြှင့်တင်ပေးမှုများနှင့်အတူ ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး အားထုတ်ကြိုးပမ်းကြခြင်းဖြင့် ဒေသခံပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်း ပိုမိုမြင့်မားလာမည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်းဝင်းအတွင်း တိုးချဲ့မြေနှစ်ဧက ဝယ်ယူရရှိပြီးသောမြေ၌ သံဃာ့သုခ သုံးထပ်ကျောင်းဆောင်နှင့် အခြားသော သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ ဦးပီတာ(ခ)ဦးမြတ်သန်းအား ရည်စူး၍ ရန်ကုန်မြို့လမ်းမတော်မြို့နယ် (၁၀)လမ်းနေ ဇနီးဒေါ်ခင်ဆွေနှင့်သား၊ သမီး၊ မြေးတစ်စုက အလှူငွေကျပ် ၁၁၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာ ကျောင်းအမှူဆောင် ဆရာတော် အရှင်ကလျာဏ(နာလန္ဒာ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

နှင်းဆီကုန်းဘိုးဘွားရိပ်သာစိန်ရတု အထိမ်းအမှတ်စာအုပ်ဈေးရောင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၉

နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ စိန်ရတုအထိမ်းအမှတ်အဖြစ် စာအုပ်ဈေးရောင်းပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉နာရီတွင် ဘိုးဘွားရိပ်သာဝင်း အတွင်း၌ စာအုပ်ဆိုင်ပေါင်း၅၀ ကျော်က ဖွင့်လှစ်ခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။

အဆိုပါ စာအုပ်ဈေးရောင်းပွဲတွင် ဆိုင်များကို စနစ်တကျ နေရာချထားပေးနိုင်ရေးအတွက် ဖေဖော်ဝါရီ ၇ရက်တွင် စာအုပ်ဈေးရောင်းပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်သန်းနှင့် အဖွဲ့ဝင်များက စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

စုပေါင်းလှူဒါန်း

စာအုပ်ဈေးရောင်းပွဲကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ မြက်ခင်းပြင်၌ ဖေဖော်ဝါရီ ၉ ရက်မှ ၁၇ ရက်အထိ နေ့စဉ် နံနက်၈နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသ ရောင်းချလျက်ရှိပြီး ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉နာရီတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ကျေးလက်စာကြည့်တိုက်များအတွက် စာအုပ်များ စုပေါင်း လှူဒါန်းကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို မြောင်းမြမြို့နယ်တွင် ကျေးလက်လမ်းသစ်များဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၉

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဧရာဝတီတိုင်း မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော ကြာဖူးငုံ-လက်ပံ ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် အဆိုပါမုခ်ဦး၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်တက်ရောက်၍ အမှာစကားပြောကြားပြီး (အပေါ်ပုံ) **လမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

အဆိုပါ ကျေးလက်ကျောက်ချောလမ်းသစ်မှာ အရှည်ပေ ၇၄၀၀ ရှိပြီး လမ်းပြီးစီးသွားသဖြင့် မြောင်းမြ-အိမ်မဲ အဝေးပြေးလမ်းမကြီးပေါ်သို့ ကံကြီးချောင်းရိုးတစ်လျှောက်ရှိ ကျေးရွာများမှ လွယ်လင့်တကူသွားလာနိုင်ပြီး ကြာဖူးငုံ၊ လက်ပံ၊ ဇီးပင်ကုန်း၊ ပေါက်တောစု၊ ခနဲ့ချောင်း၊ ကညင်ဂဲ၊ အရှေ့လက်ပံ စသည့် ကျေးရွာ(၇)ရွာမှ ပြည်သူများ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့မည်ဖြစ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မြောင်းမြမြို့နယ် ကွယ်လွယ်ကျေးရွာ ဘုရားလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ပြီး လမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါလမ်းမှာ အရှည်ပေ ၁၅၆၀၊ အကျယ် ၁၂ ပေ ကတ္တရာလမ်းဖြစ်ပြီး လမ်းပြီးစီးသွားသဖြင့် မြောင်းမြ-အိမ်မဲ အဝေးပြေး လမ်းမကြီးမှ ကျေးရွာအတွင်းပိုင်းအထိ သွားလာနိုင်ပြီး ကွယ်လွယ်၊ စက္ကော့၊ ဝဲဒေါင့်၊ ခနဲ့ချောင်း၊ ကွမ်းခြံ၊ အုန်းပင်စု၊ လေးအိမ်တန်း၊ တံတားကူးစသည့် ကျေးရွာရှစ်ရွာမှ ပြည်သူများ လမ်းပန်း ဆက်သွယ်မှု အဆင်ပြေချောမွေ့မည် ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မြောင်းမြခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံး၌ ခရိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှု ဆောင်များအားတွေ့ဆုံ၍ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြိုင်ဆရာတော် ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၉

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ ဓမ္မကထိက ဗဟုဇနဟိတရေ၏ တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ နယ်လှည့်ဓမ္မကထိက) အရှင်သူမြတ်သည် ဖေဖော်ဝါရီ၉ ရက်တွင် ရန်ကုန်တိုင်း လှိုင်မြို့နယ် ၁၆ ရပ်ကွက်၌ ဟောကြားခဲ့ပြီး ၁၃ ရက်တွင် စစ်ကိုင်းတိုင်း ရွှေဘိုမြို့ ထူးကြီးတောင်ရွာ ဦးသန်းဝင်း-ဒေါ်စန်းမြင့် ရှင်ပြုအလှူ၊ ၁၆ရက်တွင် ပဲခူးတိုင်း ဖြူးမြို့ စာပြန်ပွဲ သာသနာ့ဗိမာန်တော်၊ ၁၉ ရက်တွင် အုတ်တွင်းမြို့၊ ၂၀ ရက်တွင် ကျွဲပွဲမြို့၊ ၂၁ရက်တွင် ရေဆင်းဓမ္မသဘင်၊ ၂၂ရက်တွင် ရန်ကုန်တိုင်း လှိုင်သာယာ မြို့နယ် ဆွမ်းသိမ်းအောင်ပွဲ၊ ၂၄ရက်တွင် မော်ဘီမြို့ မိုးကုတ် ဝိပဿနာရိပ်သာ ဓမ္မာရုံ ရေစက်ချနှင့် မတ် ၁ရက်မှ ၃ ရက်တွင် စစ်ကိုင်းတိုင်း ပင်လည်ဘူး မြို့ နောင်ကံရွာ ရွာဦးကျောင်းဆရာ တော်၏ အန္တိမ ဈာပန ဓမ္မသဘင်တို့၌ ညစဉ် ၇ နာရီ မှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြား မည်ဖြစ်သည်။ (က-ပ)

အထက(၁)တာမွေကျောင်းကျန်းမာရေးပြခန်း၌ ဖေဖော်ဝါရီ ၁ ရက်က အစာအာဟာရအုပ်စုအကြောင်းကို ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်ဒေါက်တာဒေါ်ခင်စိန်က ကျောင်းသား၊ကျောင်းသူများအားအသိပညာပေးဟောပြောစဉ်။ (ပညာရေး)

အောင်ဆန်းသူရိယ လှသောင်းကျောင်း(ဘော်ဒါ) ကျောင်းသားဟောင်းများ အာစရိယ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

အောင်ဆန်းသူရိယ လှသောင်းကျောင်း(ဘော်ဒါ)ကျောင်းသားဟောင်းများ (၁၉၆၁-၁၉၇၂)၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ကွင်းကျောင်းပရိယတ္တိ စာသင်တိုက် ဓမ္မဗိမာန်တော် ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်၌ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၁၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင်ကျင်းပမည်ဖြစ်သည်။

လှူဒါန်းလိုသူများသည် ဒုတိယဗိုလ်မှူးကြီးညွန့်ဝင်း(ငြိမ်း) ဖုန်း-၂၂၅၃၆၅၊ ဦးအောင်ငွေ ဖုန်း ၂၂၈၇၃၃၊ ဦးခင်ညိုကျော်အောင် ဖုန်း-၀၉-၅၀၀၀၉၄၁၊ ဦးထင်အောင် ဖုန်း-၀၉ ၅၀၀၀၇၆၃၊ ဦးခင်မောင်ကို ဖုန်း ၆၆၅၅၄၂၊ ဦးအောင်သူဆန်း ဖုန်း ၆၈၁၂၁၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

သင့်သွေးဖြင့် အသက်ကယ်ပါ

ဆုချီးမြှင့်

အထက ဆိပ်ကြီးခနောင်တို၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုနှင့် ဘက်စုံပညာ ထူးချွန်ဆုပေးပွဲတွင် ပဥ္စမတန်းမှ အဋ္ဌမတန်းအထိ နှစ်စဉ်ဆက်တိုက် ပထမဆုရရှိသူ မအိမ္မွန်စိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းစု ဆုချီးမြှင့်စဉ်။ (က-ပ)

သည်းချာညီနောင် ချစ်ထုံးနှောင်

❒ ဇမ္ဗူဒီပါ
လက်ယာတောင်ကျွန်း၊ မော်ကွန်းတည်ရာ
ပြည်မြန်မာကား၊ ညီနောင်သားချင်း
ရိုင်းပင်းတည်ထောင်၊ ဒို့ပြည်ထောင်စု
ချစ်မှုကြွယ်ဖြိုး၊ ညီညွတ်မိုးလည်း
သည်းသည်းဖြိုင်အောင်၊ ရွာသွန်းဆောင်သည်
တောင်ကျွန်းဒီပါ၊ ပြည်မြန်မာ၏
သည်းချာညီနောင်၊ ချစ်ထုံးနှောင်ကြ
ပြည်ထောင်စုမိုး ဖြိုင်ဖြိုင်တည်း။

❒ အိုးဆိုမှအိုး၊ အမျိုးသားစိတ်
နိုးကြားစိတ်ဖြင့်၊ သိပ်သိပ်သည်းသည်း
ကျစ်လည်းကျစ်လျစ်၊ မျိုးချစ်စိတ်သန်
မွမ်းမံရိုက်ခတ်၊ ချစ်တတ်တိုင်းပြည်
အေးစိမ့်စည်အောင်၊ ဒေါင်ဒေါင်မြည်သည်
ပြည်ထောင်စုအိုး ပိုင်ပိုင်တည်း။

❒ ညီရင်းနောင်မြတ်
ထားအပ်အစဉ်၊ သံယောဇဉ်မှာ
ခိုင်စွာမြဲတတ်၊ မပြတ်ကြိုးသွင်
သုံးလွန်းတင်ကျစ်၊ နှစ်ပေါင်းခွန့်ရှည်
ခိုင်ခံ့တည်အောင်၊ ဖွဲ့ရစ်နှောင်ထား
ပြည်ထောင်စုကြိုး ခိုင်ခိုင်တည်း။

❒ တောင်ကရွာမိုး၊ ဒေါင်ဒေါင်အိုးနှင့်
ကြိုးသုံးလွန်းတင်၊ ဆိုရိုးစဉ်ကို
နှစ်လိုခံ့မင်၊ ဘဝင်ကျမိ
ကိုယ်၏သွေးချင်း၊ တိုင်းရင်းသားကျိုး
ပြည်ထောင်ကျိုးအား၊ ကိုယ်ကျိုးမဖက်
လက်သည်းဆိတ်က၊ လက်ထိပ်နာသေး
အရေးကြီးက၊ သွေးနီးသောစိတ်
ဖိတ်ဖိတ်လျှံရောင်၊ ထွန်းလက်ပြောင်သည်
ပြည်ထောင်စုတန်ခိုး၊ လှိုင်လှိုင်တည်း။ ။

[(၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုလျက်–]

ဦးအောင်မွန်(မဟာဝိဇ္ဇာ)

ပြည်ထောင်စုနေ့ အထိမ်းအမှတ် အလွတ်တန်းထုပ်ဆီးတိုးပြိုင်ပွဲဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၉

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အလွတ်တန်း အမျိုးသား၊ အမျိုးသမီး မြန်မာ့ရိုးရာထုပ်ဆီးတိုးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာအားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးကျော်ဆန်း၊ တွဲဖကအတွင်းရေးမှူး ဦးသန်းဇော်နှင့်အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် မြန်မာ့ရိုးရာထုပ်ဆီးတိုးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြပြီး မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ပြိုင်ပွဲတွင် အမျိုးသားရှစ်သင်းနှင့် အမျိုးသမီးရှစ်သင်းတို့ ပါဝင်ကြပြီး ပြိုင်ပွဲကို စတင်ကျင်းပရာ အမျိုးသား၊ အမျိုးသမီးလေးပွဲစီ ကျင်းပပြီးစီးသွားကာ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် မွန်းလွဲ ၁နာရီတွင် ယင်းအားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

စွယ်တော်မြတ် ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် အလိုတော်ပြည့်ကျောင်းတိုက်ရှိ ကိန်းဝပ်လျက်ရှိသည့် စွယ်တော်မြတ် ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၆၉ခုနှစ် တပို့တွဲလပြည့်နေ့ ၂၁–၂–၂၀၀၈ (ကြာသပတေးနေ့)တွင် အဓိဋ္ဌာန်ပြုဆုတောင်းပွဲကျင်းပမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၁၉ရက်မှ ၂၁ရက်အထိ တခိုင်လုံးစိန်ဇာတ်သဘင်အဖွဲ့ဖြင့် ဖျော်ဖြေမည်။ ဖေဖော်ဝါရီ ၁၇ရက်နှင့် ၁၈ရက်တို့၌ ပျော်ပွဲရွှင်ပွဲနှင့် သီဆိုဖျော်ဖြေပွဲစည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးနှိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့သည့် ငပ–သနပ်ပင်(ကျေးလက်)ဂဝံလမ်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဌွေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်မင်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သင်္ဃန်းကျွန်းမြို့နယ်(င/ခ)ရပ်ကွက် အမက(၂၃) ကျောင်း၌ သောက်ရေသန့်စက်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေ၊ (င/ခ)ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်အောင်၊ ရပ်ကွက်အသင်းစည်းရုံးရေးမှူး ဦးဝင်းမြင့်နှင့် အထက(၃) ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်တိုးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၅၀၆)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါပုံမြို့နယ်ရုံးက နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို ဖေဖော်ဝါရီ ၇ ရက်က အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ စာကြည့်တိုက်လက်ထောက်(၃) ဒေါ်သင်းသင်းရီနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာကြည်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရှက်သယ်ပိုးက၊
ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း၊
မပဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို၊
စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၉

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဗဟုဇနဟိတဓရ ဘဒ္ဒန္တသောဘဏ(ဒီဃနိကာယကောဝိဒ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဖေဖော်ဝါရီ ၁၈ရက်မှ ၂၇ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီအသစ်များသည် ဖေဖော်ဝါရီ ၇ ရက်မှစ၍ စာရင်းပေးသွင်းနိုင်ပြီး ယောဂီဟောင်းများသည် ဖေဖော်ဝါရီ ၁၅ရက်နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၀၁–၅၇၂၁၅၈သို့ ဖြစ်စေ နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀–၂–၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၀၅ ၆။ အတီးပြိုင်ပွဲ
- ၈း၁၅ ၇။ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ Say It In English.
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၅ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၁၂း၀၅ ၅။ **မြန်မာဗီဒီယိုဇာတ်လမ်း "မာနလေးတင်းထားဦးမှ" (ဝေဠုကျော်၊နန္ဒာလှိုင်) (ဒါရိုက်တာ–အောင်ဩဘာ)**
- ၁း၄၀ ၆။ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁း၅၅ ၇။ အတီးပြိုင်ပွဲ
- ၂း၁၅ ၈။ **သတိနဲ့ယှဉ် အသိနဲ့ပြင်" (အပိုင်း–၂) (ဝါးခယ်မရဲမောင်၊ဘုန်းလျှန်၊ မြတ်ကေသီအောင်၊ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ–မင်းအုပ်စိုး)**
- ၂း၃၀ ၉။ ပို့ကုန်သွင်းကုန်များ သယ်ပို့စွမ်းအားဖြည့်တင်းထား ဒဂုံတံတား
- ၂း၄၅ ၁၀။ International News.
- ၃း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (အရှေ့တိုင်းပညာအထူးပြု) (အရှေ့တိုင်းပညာ)**
- ၄း၄၅ ၄။ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၄း၅၀ ၅။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
- ၅း၀၀ ၆။ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၂၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၀။ **"သစ်ရှက်ဆွေးသဘာဝ မြေဩဇာပြုလုပ်သုံးစွဲပါ" (ဝိုင်းစုခိုင်သိန်း) (ဒါရိုက်တာ–ဖုန်းမြင့်အောင်)**
- ၆း၄၀ ၁၁။ တေးဂီတအစီအစဉ်
- ၆း၅၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့အားမာန်" (အပိုင်း–၁၂)**
- ၇း၃၅ ၁၃။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ (အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု) (မွန်ပြည်နယ်)
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချိုမြိန်သော အချစ်နေ့" (အပိုင်း–၂၀) (ဇာတ်သိမ်းပိုင်း)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

တရုတ်နိုင်ငံ ဟောင်ကောင်ကျွန်းတွင် နှစ်သစ်ကူးည၌ မီးရှူးမီးပန်းများ ပစ်လွှတ်နေသည်ကို ဖေဖော်ဝါရီ ၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ပြင်သစ်ကတိုက်ခိုက်လျှင် ချဒ်သူပုန်တို့ခုခံကာကွယ်မည်ဟုဆို

အင်ဂျာမီနာ ဖေဖော်ဝါရီ ၈

ချဒ်နိုင်ငံအား ပြင်သစ်တပ်ဖွဲ့များ သို့မဟုတ် အခြားနိုင်ငံခြားတပ်ဖွဲ့များက တိုက်ခိုက်မည်ဆိုလျှင် ၎င်းတို့က ခုခံကာကွယ်ရမည်ဖြစ်ကြောင်း၊ ချဒ်သမ္မတ အိုင်းဒရစ်ဒေဘီကို ဖြုတ်ချရန် ၎င်းတို့က တိုက်ခိုက်မည်ဖြစ်ကြောင်း ချဒ်သူပုန်များက ဖေဖော်ဝါရီ ၆ ရက်တွင် ပြောကြားသည်။

စိုးရိမ်ကြောက်ရွံ့

၎င်းတို့သည် အင်ဂျာမီနာမြို့ ဝန်းကျင်ကို သိမ်းပိုက်ထားဆဲဖြစ်ကြောင်း ပြောကြားပြီး မြို့တော်မှ မည်မျှအကွာအဝေးတွင် ၎င်းတို့ရှိသည်ကို ပြောကြားခြင်းမရှိချေ။ သူပုန်အုပ်စု မဟာမိတ်များ၏ ပြည်သူ့တော်လှန်ရေးတပ်ဖွဲ့သည် ပြင်သစ်နိုင်ငံက ချဒ်နိုင်ငံအစိုးရကို ကူညီပြီး ကြားဝင်မည်ဆိုလျှင် စိုးရိမ်ကြောက်ရွံ့မည် မဟုတ်ကြောင်း သူပုန်အဖွဲ့မှ ပြောရေး ဆိုခွင့်ရှိသူအလီအော်ဒီဂျိုဟင်ချိုင်းက ပြောကြားသည်။

ယခုအခါတွင် ချဒ်နိုင်ငံတွင် လုံခြုံရေးအတွက်ကာဖျူးအမိန့်ထုတ်ထားကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းတွင် ဗုံးကွဲ အနည်းဆုံး ၂၀သေဆုံး၊ ၂၄ဦးဒဏ်ရာရ

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၉

ပါကစ္စတန်နိုင်ငံ အဝါမီအမျိုးသားပါတီ(အေအင်ပီ) လူထုအစည်းအဝေး ပြုလုပ်ရာ အနောက်မြောက်ဒေသတွင် စနေနေ့က ဗုံးတစ်လုံးပေါက်ကွဲရာ အနည်းဆုံး ၂၀ဦး သေဆုံးပြီး ၂၄ဦး ဒဏ်ရာရရှိသွားကြောင်း ပြည်ထဲရေးဝန်ကြီး ဟာမစ်နဝဇ်ကပြောကြားသည်။

အနောက်မြောက်ပြည်နယ် ချာဆာဒါခရိုင်တွင် ဖြစ်ပွားသော အဆိုပါ ပေါက်ကွဲမှုသည်အသေခံ၍ဖောက်သော ဖောက်ခွဲမှုမျိုးဖြစ်နိုင်သည်ဟု ကနဦးစုံစမ်းမှုများအရသိရကြောင်း ဝန်ကြီး၏ ပြောကြားချက်ကို ကိုးကား၍ ဒေါင်းသတင်းဌာနက ဖော်ပြသည်။

အစိုးရအနေဖြင့် ဖေဖော်ဝါရီ ၁၈ရက်တွင် ကျင်းပမည့်ရွေးကောက်ပွဲ၌ ပါဝင်မည့် နိုင်ငံရေး ခေါင်းဆောင်များ၏ လုံခြုံရေးအတွက်စီစဉ်ပေးထားကြောင်း ဝန်ကြီးက ပြောကြားသည်။ ယခုသေဆုံးသွားသူများတွင် အေအင်ပီပါတီမှ ခေါင်းဆောင်ပိုင်းများ မပါဝင်ဟု ဆိုသည်။

ဗုံးသည် အေအင်ပီပါတီ၏ပြည်နယ် ဥက္ကဋ္ဌ အာဖရာဆပ်ခါတက် စကားပြောနေစဉ်ပေါက်ကွဲသွားခြင်း ဖြစ်သော်လည်း ၎င်းမှာ အထိအခိုက်မရှိ လွတ်မြောက်သွားသည်။ ***အင်တာနက်။***

အီရတ်စစ်သွေးကြွစခန်း အမေရိကန်တိုက်ခိုက်

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အရှေ့ပိုင်း ဆီဒါမြို့အနီးရှိ ရိုးယိုက်လူမျိုးများ ဒေသကို ညသန်းခေါင်ကျော်အချိန်တွင် အမေရိကန်တပ်ဖွဲ့များ ဝင်ရောက်စီးနင်းစဉ် အမည်မသိ လက်နက်ကိုင်အဖွဲ့နှင့် တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း ကြာသပတေးနေ့တွင် ရဲတပ်ဖွဲ့က ပြောကြားသည်။

၎င်းတိုက်ခိုက်မှုဖြစ်ပွားခြင်းကြောင့် ကလေးတစ်ဦးနှင့် အမျိုးသမီးတစ်ဦး အပါအဝင် အရပ်သားသုံးဦး ဒဏ်ရာရရှိကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွများအကြား သေကျေဒဏ်ရာရရှိမှု အခြေအနေကို ဖော်ပြခြင်း မရှိကြောင်း ရဲတပ်ဖွဲ့သတင်းအရ သိရသည်။

အမေရိကန်စစ်ဘက်က အဆိုပါ ဖြစ်ပွားမှုကို အတည်ပြုပြောကြားခြင်းမရှိသေးချေ။

အမ်အင်အေ၊ဆင်ဟွာ။

အီရန်က ဒုံးပျံစမ်းသပ်လွှတ်တင်မှု ရုရှားစိုးရိမ်

မော်စကို ဖေဖော်ဝါရီ ၈

အီရန်က ဒုံးပျံတစ်စင်း အာကာသအတွင်း စမ်းသပ်လွှတ်တင်ခဲ့ရာ အီရန်၏ မူလအဏုမြူ အစီအစဉ်နှင့် ပတ်သက်၍ စိုးရိမ်မကင်း ဖြစ်မှုများ မြင့်မားလာစေခဲ့ပြီး ရုရှားနိုင်ငံက အီရန်အပေါ်သဘောထားတင်းမာလာခဲ့သည့် လက္ခဏာများ ပေါ်ပေါက်ခဲ့ကြောင်း ရုရှားက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အီရန်ပြည်တွင်းဖြစ် သုတေသနဂြိုဟ်တုသယ်ယူရန် ရည်ရွယ်၍ ဒုံးပျံတစ်စင်းကို တနင်္လာနေ့တွင် အာကာသအတွင်း စမ်းသပ်လွှတ်တင်ခဲ့သည်။ အနောက်အုပ်စု အင်အားကြီးနိုင်ငံများက အီရန်သည် နျူကလီးယားလက်နက်ထုတ်လုပ်နေသည်ဟု စွပ်စွဲနေချိန်တွင် တိုက်ချင်းပစ်ဒုံးပျံ စမ်းသပ်လွှတ်တင်သည့်နည်းပညာ တိုးတက်မှုရှိနေကြောင်း အီရန်က ပြသလိုက်ခြင်းဖြစ်သည်။

အီရန်က နျူကလီးယားလက်နက် ထုတ်လုပ်နိုင်သည့်အလားအလာရှိသည် ဆိုခြင်းမှာ မိမိတို့နှင့် အခြားသူများအတွက် စိုးရိမ်မကင်း ဖြစ်စေသည်ဟု ရုရှားဒုတိယ နိုင်ငံခြားရေးဝန်ကြီး အလက်ဇန်းဒါး လော့စ်ယူကော့ဗ်ကို ကိုးကား၍ အင်တာဖက်သတင်းဌာနက ဖော်ပြသည်။ အီရန်က နျူကလီးယားလက်နက် ထုတ်လုပ်ရန် ကြိုးပမ်းနေသည့် အထောက်အထား မရှိဟု ယခင်က ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဆူပူအကြမ်းဖက်

ကင်ညာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် အကြမ်းဖက် ဆူပူသောင်းကျန်းမှုများကြောင့် ပြည်သူ ၁၀၀၀ ကျော် သေဆုံးခဲ့ရပြီး ဖြစ်သည်။ ပုံတွင် ဆူပူအကြမ်းဖက်သူတစ်စုက လမ်းပေါ်တွင်မော်တော်ယာဉ်တစ်စီးအား မီးရှို့နေသည်ကို ဖေဖော်ဝါရီ ၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ခရီးသည်အမျိုးသမီးက လေယာဉ်မှူးနှစ်ဦးကို ဓားဖြင့်ထိုး

ဝယ်လင်တန် ဖေဖော်ဝါရီ ၉

နယူးဇီလန်ခရီးသည်တင်လေယာဉ်ပေါ်တွင် လိုက်ပါလာသည့် အမျိုးသမီးတစ်ဦးက လေယာဉ်မှူးနှစ်ဦးကို ဓားဖြင့်ထိုးပြီး လူ ၁၉ ဦးပါ လေယာဉ်ကို ဖောက်ခွဲပစ်မည်ဟု ခြိမ်းခြောက်ကြောင်း ရဲတပ်ဖွဲ့က သောကြာနေ့တွင် ပြောကြားသည်။ အဆိုပါလေယာဉ်သည် ဘလင်ဟိန်းနှင့် ခရစ်ချက်ဒေသအတွင်း ပျံသန်းနေသည့် လေယာဉ်ဖြစ်ပြီး မိနစ် ၂၀ခန့် ပျံသန်းနေစဉ်အတွင်း ယင်းတိုက်ခိုက်မှု ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း၊ လေယာဉ်မှူးနှစ်ဦး၏ဒဏ်ရာမှာ ပြင်းထန်မှုမရှိကြောင်း ရဲတပ်ဖွဲ့က ဆက်လက် ပြောကြားသည်။

အဆိုပါလေယာဉ်သည် ခရစ်ချက်လေယာဉ်ကွင်းသို့ ဆင်းသက်ခဲ့သည်၊ ရဲတပ်ဖွဲ့ဝင်များက လေယာဉ်ပေါ်တက်ပြီး အသက် ၃၃နှစ်ရှိ အမျိုးသမီးတစ်ဦးကို ဖမ်းဆီးခဲ့သည်။ ၎င်းသည် ဆိုမာလီယာနိုင်ငံသူဖြစ်သည်ဟု ဆိုသည်။

၎င်းအမျိုးသမီးအား ခရစ်ချက်အကျဉ်းစခန်းတွင် ထိန်းသိမ်းထားကြောင်း။ ၎င်းအမျိုးသမီးက လေယာဉ်မှူးများကို တိုက်ခိုက်သည့် ရည်ရွယ်ချက်ကို သဲသဲကွဲကွဲမသိရသေးကြောင်း ကင်တာဘာရီ ခရိုင်တပ်မှူး ခေ့ဗ်က လစ်ဗ်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ အဆိုပါလေယာဉ်သည် ဘလင်ဟိန်းမှ နံနက် ၇နာရီတွင် ပျံသန်းလာခဲ့ပြီး လေယာဉ်မှူးများက ၇ နာရီ မိနစ် ၄၀ တွင် ဘေးအန္တရာယ် တွေ့ကြုံကြောင်း အကြောင်းကြားခဲ့သည်။ ယင်းနောက် ခရစ်ချက် လေယာဉ်ကွင်းသို့ ဆင်းသက်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

နယူးဇီလန်နိုင်ငံ ခရစ်ချက်လေဆိပ်တွင် လေယာဉ်အပိုင်စီးရန် ကြံစည်သူ အမျိုးသမီးအား ရဲတပ်ဖွဲ့က ဖမ်းဆီးလာသည်ကို ဖေဖော်ဝါရီ ၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဩစတြေးလျတွင် အင်္ဂလိပ်ဘာသာစကားထက် အခြားဘာသာစကားများ ပို၍အသုံးများလာ

ကင်ဘာရာ ဖေဖော်ဝါရီ ၈

ဩစတြေးလျနိုင်ငံတွင် အင်္ဂလိပ်ဘာသာထက် အခြားသောဘာသာပြောသည့် လူဦးရေသည် ငါးနှစ်တာကာလအတွင်း ၁၀ရာခိုင်နှုန်းမြင့်မားလာခဲ့ကြောင်း ဩစတြေးလျ ၂၀၀၈ ခုနှစ်ချုပ် စာရင်းဇယားအရ သိရှိရသည်။

ဩစတြေးလျနိုင်ငံသား ၁၆ရာခိုင်နှုန်း သို့တည်းမဟုတ် ၃ ဒသမ ၁သန်းသည်အင်္ဂလိပ်ဘာသာထက်အခြားသော ဘာသာစကားပြောကြရာ ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိကာလအတွင်း ထိုဦးရေသည် ၁၀ ရာခိုင်နှုန်းမြင့်တက်လာခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ဩစတြေးလျနိုင်ငံတွင် အင်္ဂလိပ်ဘာသာအပြင်လူအများပြောဆိုကြသည့် ဘာသာစကားများမှာ အီတလီ၊ ဂရိ၊ အာရေဗျ၊ တရုတ်(ကန်တုံနှင့်မန်ဒရင်ဘာသာစကားအပါအဝင်)နှင့်ဗီယက်နမ်ဘာသာစကားတို့ဖြစ်သည်။

ဩစတြေးလျတိုင်းရင်းသားများသည် အင်္ဂလိပ်ဘာသာစကားမသုံးဘဲ ၎င်းတို့၏ တိုင်းရင်းသားဘာသာကို သုံးကြသည်။ ၎င်းဘာသာစကားပြောသူဦးရေမှာ နိုင်ငံလူဦးရေ၏ ၁၁ ရာခိုင်နှုန်းရှိသည်။ ၎င်းလူမျိုးများအနက် ၅၀ ရာခိုင်နှုန်းသည် ဩစတြေးလျနိုင်ငံမြောက်ပိုင်းဒေသတွင်နေထိုင်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

တူရကီသင်္ဘောဂိမီးလောင်မှုကြောင့် ခရီးအေးရှားပိုင်နက်ရေပြင်ပိတ်ရ

ဇာဂရက် ဖေဖော်ဝါရီ ၈

တူရကီကုန်တင်သင်္ဘောတစ်စင်း မီးလောင်မှုဖြစ်ပွားခြင်းကြောင့် ခရိုအေးရှားနိုင်ငံပိုင်နက်ရေပြင်ကို ဖေဖော်ဝါရီ ၆ရက်က ပိတ်ခဲ့ရကြောင်း၊ သင်္ဘောမှာ နစ်မြုပ်နိုင်ဖွယ်ရှိပြီး သင်္ဘောသားများနှင့် ခရီးသည်များအားလုံးကို ကယ်တင်နိုင်ခဲ့ကြောင်း ခရိုအေးရှားရေကြောင်းသွားလာရေးဌာနမှ တာဝန်ရှိသူကပြောကြားသည်။ သင်္ဘော၏ အခြေအနေမှာ လုံးဝပျက်စီးသွားကြောင်း၊ သင်္ဘောဦးတွင် မီးလောင်ကျွမ်းနေဆဲဖြစ်ကြောင်း ၎င်းဌာနက ပြောကြားသည်။

၁၉၃မီတာရှည်သော အင်အာဒရီဗာတစ်သင်္ဘောသည် အစ္စတန်ဘူလ်မြို့မှ တီရီစတီမြို့သို့ မောင်းနှင်လာပြီး ကုန်တင်ကားစင်းရေ ၂၀၀ နှင့် အန္တရာယ်ဖြစ်စေသည့် ပစ္စည်းကိုးတန်ကို တင်ဆောင်လာကြောင်း၊ ခရိုအေးရှားနိုင်ငံမှ လေယာဉ်များနှင့် သင်္ဘောများသည် မီးငြိမ်းသတ်ရန် ကြိုးပမ်းလျက်ရှိကြောင်း တာဝန်ရှိသူကပြောကြားသည်။ ၎င်းသင်္ဘောပေါ်ရှိ သင်္ဘောသား ၂၂ဦးနှင့် ခရီးသည်ကိုးဦးစလုံးကို ဂရိသင်္ဘောတစ်စင်းက ကယ်တင်ပေးခဲ့ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနကပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ရီပတ်ဘလီကန်ပါတီမှ သမ္မတလောင်းအရွေးခံသူမက်ကိန်း ဒီမိုကရက်တစ်မှ ယှဉ်ပြိုင်သူနှစ်ဦးကိုဝေဖန်

နော်ဖော့ခ်(ဗာဂျီးနီးယား) ဖေဖော်ဝါရီ ၉

ရီပတ်ဘလီကန်ပါတီမှ ဂျွန်မက်ကိန်းသည် အမေရိကန်နိုင်ငံ အကြိုအခြေခံသမ္မတလောင်းရွေးပွဲတွင် ပါတီတွင်း၌ အနိုင်ရရှိပြီး သမ္မတလောင်းအဖြစ် အမည်သတ်မှတ်ခြင်းခံရတော့မည်ဖြစ်ရာ ၎င်းက ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း ယှဉ်ပြိုင်သူများ၏သဘောထားနှင့်ပတ်သက်၍ စိန်ခေါ်လိုက်သည်။

ဒီမိုကရက်တစ်ပါတီမှ အကြိုအခြေခံသမ္မတ လောင်းရွေးပွဲတွင် ယှဉ်ပြိုင်သူဘားရက်အိုဘားမားနှင့် ကလင်တန်တို့သည် အီရတ်စစ်ပွဲ နှင့် ပတ်သက်လာလျှင် အယူအဆပျော့ပျောင်းကြောင်း၊ နိုင်ငံလုံခြုံရေးနှင့်ပတ်သက်၍ အားနည်းချက်ရှိနေကြောင်း မက်ကိန်းက ဝေဖန်ပြောကြားသည်။



ရီပတ်ဘလီကန်ပါတီမှ သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်မည့် ဆီနိတ်တာဂျွန်မက်ကိန်း။

အမြန်ရုပ်သိမ်းမည်

ဒီမိုကရက်တစ်ယှဉ်ပြိုင်ဘက်နှစ်ဦးသည် ၎င်းတို့သာ အရွေးချယ်ခံရ၍ သမ္မတဖြစ်လာပါက အမေရိကန်တပ်ဖွဲ့များကို အီရတ်မှအမြန်ဆုံးရုပ်သိမ်းမည်ဟု အာမခံထားသည်။ အကယ်၍သာ ထိုသို့ပြုမူမည်ဆိုလျှင် အကြမ်းဖက်သမား အယ်လ်ခိုင်ဒါတို့အနေဖြင့် အမေရိကန်ကို အောင်နိုင်လိုက်ပြီဟု ဝင့်ကြွားနိုင်မည့်အပြင် အမေရိကန်မြေပေါ်သို့ပင် လာရောက်တိုက်ခိုက်မှုများပြုလုပ်လာနိုင်သည်။ ဆိုးရွားသော အကျိုးဆက်များ ဖြစ်ပေါ်လာနိုင်သည်ဟု မက်ကိန်းက ၎င်း၏အမြင်ကို ဖော်ပြသည်။

အိုဘားမားနှင့် ကလင်တန်တို့သည် နိုင်ငံ၏လုံခြုံရေးကို ဦးစားမပေးဘဲ နောက်တန်းသို့ပို့ထားပြီး စီးပွားရေးကိုသာ အလေးထားသူများဖြစ်ကြောင်း၊ အီရတ်အခြေအနေနှင့် ပတ်သက်၍ ဒီမိုကရက်တစ်ယှဉ်ပြိုင်သူများ၏အမြင်မှာ အခြေအနေမှန်ကို ကွဲကွဲပြားပြားမသိဘဲ အထင်မှား အမြင်မှား ရှိနေခြင်းသာဖြစ်ကြောင်း မက်ကိန်းက ဝေဖန်ထောက်ပြလိုက်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အစိုးရနှင့်သူပုန်များအကြားတိုက်ခိုက်မှုတွင် နိုင်ငံခြားသားများ၏ လုံခြုံရေးကို စောင့်ကြပ်နေသော ပြင်သစ်တပ်ဖွဲ့ဝင်များအား ချဒ်နိုင်ငံ အင်ဂျာမီနာမြို့၌ ဖေဖော်ဝါရီ ၈ရက်က တွေ့ရစဉ်။

ချဒ်နိုင်ငံ၌ အစိုးရတပ်ဖွဲ့များနှင့် သောင်းကျန်းသူများတိုက်ခိုက်ရာတွင် အစိုးရတပ်ဖွဲ့ဘက်မှ ဝင်တိုက်သည်ဆိုသည့်သတင်း ပြင်သစ်ငြင်းဆို

ပါရီ ဖေဖော်ဝါရီ ၉

ပြင်သစ်အထူးတပ်ဖွဲ့ဝင်များက သောင်းကျန်းသူများကိုတိုက်ခိုက်ခဲ့သည့် ချဒ်အစိုးရတပ်ဖွဲ့ဝင်များဘက်မှ အထောက်အကူပြုတိုက်ခိုက်ပေးခဲ့သည်ဟု သတင်းစာ၏ ရေးသားမှုသည် မှားယွင်းကြောင်း ပြင်သစ်အစိုးရနှင့် စစ်ဘက်တာဝန်ရှိပုဂ္ဂိုလ်များက ငြင်းဆိုပြောကြားသည်။

ပြင်သစ်သတင်းစာကရေးသား

ပြင်သစ် အထူးတိုက်ခိုက်ရေး အဖွဲ့ဝင်များက အင်ဂျာမီနာမြို့တစ်ဝိုက်တွင် တိုက်ခိုက်နေသည့် သောင်းကျန်းသူများကို တိုက်ထုတ်ရာတွင် ကူညီပံ့ပိုးခဲ့သည်ဟု သံတမန်များနှင့်စစ်ဘက်ဌာနများကို ကိုးကားပြီး ပြင်သစ်သတင်းစာက ရေးသားသည်။

ပြောကြား

ချဒ်အစိုးရတပ်ဖွဲ့များနှင့် သောင်းကျန်းသူများ တိုက်ခိုက်နေစဉ်အတွင်း ပြင်သစ်တပ်ဖွဲ့ဝင်များ ပါဝင်ခြင်းမရှိခဲ့ကြောင်း၊ ၎င်းတပ်ဖွဲ့ဝင်များက ပြင်သစ်လူမျိုးများနှင့် နိုင်ငံတကာမိသားစုများအား ကာကွယ်စောင့်ရှောက်မှုသာပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ချဒ်နိုင်ငံမှထွက်ခွာရန် စစ်လေယာဉ်ဖြင့် သယ်ယူပို့ဆောင်ရာတွင် အကူအညီပေးခဲ့ခြင်းဖြစ်ကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

(၅၈) ကြိမ်မြောက် ဘာလင်ရုပ်ရှင်ပွဲတော်ဖွင့် ရုပ်ရှင်ကား ၄၀၀ခန့်ဝင်ရောက်ယှဉ်ပြိုင်

ဘာလင် ဖေဖော်ဝါရီ ၉

(၅၈)ကြိမ်မြောက် ဘာလင်ရုပ်ရှင်ပွဲတော်ကို ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ကြာသပတေးနေ့ ညနေက ဖွင့်လှစ်လိုက်သည်။ ယင်းရုပ်ရှင်ပွဲတော်တွင် အော်စကာဆုရ ရုပ်ရှင်ဒါရိုက်တာ မာတင်စကော်စီစီရိုက်ကူးသည့် ဂီတရုပ်ရှင်ကိုတင်ဆက်ပြသခဲ့သည်။ ယင်းရုပ်ရှင်သည် “ရိုးလင်းစတုန်း” ဂီတအဖွဲ့အကြောင်းကို ရိုက်ကူးထားသည့် ရုပ်ရှင်ဖြစ်သည်။

ယင်းရုပ်ရှင်ပွဲတော်သို့ စကော်စီစီနှင့်အတူ “ရိုးလင်းစတုန်း” တေးဂီတအဖွဲ့မှ မစ်ဂျက်ဂါ၊ ကိတ်ရစ်ချတ်၊ ချာလီဝက်စ်နှင့်ရွန်ဝုဒ်တို့တက်ရောက်ခဲ့ကြသည်။

ယင်းရုပ်ရှင်ပွဲတော်သို့ ရုပ်ရှင်နှင့်ဂီတပညာရှင်များ တက်ရောက်ခြင်းသည် ယခုနှစ်ရုပ်ရှင်ပွဲတော်၏ ထူးခြားသည့် အရေးပါမှုပင်ဖြစ်သည်ဟု ဒါရိုက်တာ ဒီတာကော့စလစ်က ပြောကြားသည်။ စကော်စီစီ၏ သတင်းရုပ်ရှင်ကားအပြင် အဆိုတော် မက်ဒေါနား၏ရုပ်ရှင်ဖြစ် သည့် “ဖစ်လ်အင်ဝစ္စဒမ်း”ကိုလည်း ယင်းရုပ်ရှင်ပွဲတော်ဖွင့်ပွဲတွင် ဦးဦးဖျားဖျား ပြသခဲ့သည်။ ၁၀ရက်ကြာကျင်းပမည့် အဆိုပါ ဘာလင်ရုပ်ရှင်ပွဲတော်တွင် ရုပ်ရှင်ကား ၄၀၀ခန့် ဝင်ရောက်ယှဉ်ပြိုင် ကြမည်ဖြစ်သည်။ ဆုရသူများ၏ စာရင်းကို ဖေဖော်ဝါရီ ၁၆ရက်တွင် ဆုချီးမြှင့်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘာလင်ရုပ်ရှင်ပွဲတော်သို့ ပရိသတ်အဖြစ် တက်ရောက်လာသော အဆိုတော်မက်ဒေါနားကို ဖေဖော်ဝါရီ ၇ရက်က တွေ့ရစဉ်။

၂၀၀၇ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း၌ သေဆုံးသူ သတင်းသမား ၆၅ ဦးရှိ

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၅

စာနယ်ဇင်းလောကတွင် တာဝန်ထမ်းနေသော သတင်းထောက်များအနက် ၂၀၀၇ ခုနှစ်တွင် အနည်းဆုံး ၆၅ ဦး သတင်းလိုက်ရင်း အသက်ဆုံးရှုံးသွားရကြောင်း ဖေဖော်ဝါရီ ၄ရက် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထိုသေဆုံးမှုစာရင်းသည် ၁၃နှစ်တာကာလအတွင်း အမြင့်ဆုံးနှုန်းထားဖြစ်သည်။ သေဆုံးသူ သတင်း သမားများအနက် ထက်ဝက်နီးပါးသည် အီရတ်နိုင်ငံ၌ စစ်သတင်းလိုက်ရင်း သေဆုံးကြရခြင်းဖြစ်သည်။ ဤစာရင်းဇယားများကို သတင်းသမားများအား ကာကွယ်ရေးကော်မတီက ပြုစုခြင်းဖြစ်ပြီး သတင်းသမားများတိုက်ခိုက်ခံရမှု အစီရင်ခံစာဟု အမည်ပေးထားသည်။ ၂၀၀၆ခုနှစ်အတွင်းက သတင်းသမားများ သေဆုံးမှုဦးရေသည် ၅၆ဦးရှိသည်။

စာနယ်ဇင်းသမားများ သေဆုံးရမှုသည် ၁၉၉၄ ခုနှစ်တွင် များပြားခဲ့သည်။ ထိုနှစ်စာရင်းအရ သတင်းသမား သေဆုံးမှုဦးရေသည် ၆၆ဦးဖြစ်သည်။ အဆိုပါကော်မတီမှ ပြုစုသောစာရင်းသည် ပြင်သစ်နိုင်ငံ အခြေစိုက်သတင်းထောက်များအသင်းက ပြုစုသောသေဆုံးမှုစာရင်းနှင့် ကွဲလွဲနေသည်။ ပြင်သစ်မှ ထုတ်ဝေသော စာရင်းအရ တာဝန်ထမ်းဆောင်ရင်း သေဆုံးသော သတင်းသမားဦးရေသည် ၈၆ဦးဖြစ်သည်။

အီရတ်နိုင်ငံ၌ သေဆုံးရသော သတင်းသမားဦးရေသည် ၂၀၀၇ ခုနှစ်၌လည်း ၂၀၀၆ ခုနှစ်ကကဲ့သို့ပင် ၃၂ ဦးရှိသည်။ မျက်မှောက်ခေတ်သမိုင်းတွင် အီရတ်သည် သတင်းသမားသေဆုံးမှုအများဆုံးနယ်မြေပင်ဖြစ်သည်။ ၂၀၀၃ ခုနှစ်မှ ယနေ့အထိ ထိုနိုင်ငံ၌ သေဆုံးသူ သတင်းသမားဦးရေမှာ ၁၂၅ ဦးနှင့် အကူလုပ်သား ၄၉ ဦးရှိကြောင်း စာရင်းက ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

နိုင်ငံတကာရေးရာသတင်းများ

ထူးထူးခြားခြား ခေတ်ပြိုင်အကြောင်းအရာများဆိုင်ရာ ဓာတ်ပုံပထမဆု ဆွတ်ခူးရရှိသွားသည့် တောင်အာဖရိက ဓာတ်ပုံဆရာ ဘရင့်စတီရ်တန်၏ ဓာတ်ပုံကို တွေ့ရစဉ်။ ပုံတွင်ကွန်ဂိုနိုင်ငံ အရှေ့ပိုင်းရှိ ဗီရန်ဂါ အမျိုးသားဥယျာဉ်အတွင်း သေဆုံးနေသောဂေါ်ရီလာ မျောက်ဝံကြီးတစ်ကောင်အား သယ်ဆောင်လာပုံကို ဓာတ်ပုံဆရာက ရိုက်ကူးခဲ့ခြင်းဖြစ်သည်။
(အေပီ)

အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး အီရတ်တွင်သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၉

အီရတ်နိုင်ငံ၌ ဖေဖော်ဝါရီ ၈ရက် တိုက်ခိုက်မှုများဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး သေဆုံးကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ဘဂ္ဂဒက်မြို့အနောက်မြောက်ဘက်၌ ကင်းလှည့်နေစဉ် လမ်းဘေး ဗုံးတစ်လုံးပေါက်ကွဲမှုဖြစ်ပွားပြီး အမေရိကန် တပ်ဖွဲ့ဝင် လေးဦးသေဆုံးခဲ့ကြောင်း စစ်ဘက်ဆိုင်ရာက ဖော်ပြသည်။

အခြားတပ်ဖွဲ့ဝင်တစ်ဦးမှာ ဘဂ္ဂဒက်မြို့မြောက်ပိုင်းတွင် ယာဉ်ဖြင့်သွားလာနေစဉ် ယာဉ်အနီး၌ ပေါက်ကွဲမှုဖြစ်ပွားခြင်းကြောင့် သေဆုံးသွားကြောင်းသိရသည်။

ယခုလအတွင်း၌ အီရတ်နိုင်ငံတွင် အမေရိကန် တပ်ဖွဲ့ဝင်ပေါင်း ၁၃ဦးသေဆုံးသွားပြီဖြစ်ကြောင်း ဝက်ဘ်ဆိုက်၌ ဖော်ပြထားသော စာရင်းများအရ သိရသည်။

အမေရိကန်တို့ဦးဆောင်သည့် ၂၀၀၃ခုနှစ် မတ်လကတည်းကဖြစ်ပွားသော အီရတ်စစ်ပွဲတွင် အမေရိကန် တပ်ဖွဲ့ဝင်ပေါင်း ၃၉၅၇ဦး သေဆုံးပြီးဖြစ်ကြောင်းသိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

(၄၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေး ကျင်းပ

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ၂၀၀၈ ခုနှစ် (၄၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၉

၂၀၀၈ ခုနှစ် (၄၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ (၄၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ပြပွဲဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဆပ်ကော်မတီ အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ၂၀၀၈ ခုနှစ် (၄၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပမည့် အစီအစဉ်များကိုလည်းကောင်း၊ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ ဘဏ္ဍာရေး၊ စီမံရေးရာ၊ လုံခြုံရေးနှင့် ပြန်ကြားရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက ကော်မတီအလိုက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ (၄၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ရန် ပြည်ပ ရတနာကုန်သည်များနှင့် ပြည်တွင်းမှ နိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ကြားထားမှု အခြေအနေများကိုလည်းကောင်း၊ ပြပွဲတွင် ရောင်းချမည့် ကျောက်မျက်ရတနာများအတွက် ငွေပေးချေရန် စည်းကမ်းသတ်မှတ်ချက်များကိုလည်းကောင်း တင်ပြကြရာ ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က လိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြပွဲဗဟိုကော်မတီနာယက ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က မတ်လအတွင်း ကျင်းပမည့် (၄၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

၂၀၀၈ ခုနှစ် (၄၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၉ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းလုံးဆိုင်ရာ ရွှေကျင်နိကာယ ဝိနည်းစာတော်ပြန်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်တိုင်းလုံးဆိုင်ရာ ဝိနည်းစာတော်ပြန်ပွဲကို ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ကြီးအား အမှူးထား၍ ရန်ကုန်တိုင်း ရွှေကျင်ဂိုဏ်းကြီး၏ ဥပဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ သီရိမန္တ ဆရာတော်ကကြီးမှူး၍ ၁၃၆၉ ခုနှစ် တပို့တွဲလဆန်း ၁၃၊ ၁၄၊ ၁၅ ရက် (ဖေဖော်ဝါရီ ၁၉၊ ၂၀၊ ၂၁ ရက်)တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ အကြိုတရားပွဲများအဖြစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ဓမ္မဒူတအရှင်ဆေကိန္ဒ၊ ၁၇ ရက်တွင် ပါဠိကာရီ အရှင်အဂ္ဂိသ၊ ၁၈ ရက်တွင် ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသ ဆရာတော်တို့က ညစဉ် ၇ နာရီမှ စတင်၍ တရားတော်များကို ဟောကြားမည်ဖြစ်သည်။

သို့ဖြစ်ရာ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို သာသနာ့လင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီးသို့ လာရောက်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကျောင်းလွှတ်ပူဇာ အလှူတော်မင်္ဂလာ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်ကြီး၌ ဓမ္မဒူတ အရှင်ဆေကိန္ဒ ဆရာတော်၏ သက်တော်ငါးဆယ်ပြည့် ပူဇော်သောအားဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်များ သီတင်းသုံးတော်မူရန် ဂန္ဓကုဋိ ယူနီကာလာ ကျောင်းဆောင်တော်မြတ်ကြီးကို ယူနီကာလာမိသားစုတို့က စေတနာသုံးတန် ထက်သန်စွာဖြင့် နိဗ္ဗာန်ရည်မှန်း၍ ဘုရားအမှူးရှိသော ပင့်သံဃာ အပါး ၃၀၀ တို့၏ ထံမှောက်၌ သာသနာတော်အား ဝမ်းမြောက်ကြည်နူးစွာ ရေစက်သွန်းချ လှူဒါန်းပွဲကို ၁၃၆၉ ခု တပို့တွဲလဆန်း ၁၀ ရက်၊ ဖေဖော်ဝါရီ ၁၆ ရက် (စနေနေ့) နံနက် ၉ နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ ဆရာတော်၏ တပည့် ဒါယကာ၊ ဒါယိကာမများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကုသိုလ်ကောင်းမှု အတူတကွပြုနိုင်ကြရန်အတွက် ကြွရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (ကြေးမုံ)

ရွှေတိဂုံစေတီတော် တနင်္ဂနွေ(ညနေ) သန့်ရှင်းရေးအသင်း ပုလဲရတုအခမ်းအနား ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရွှေတိဂုံစေတီတော် တနင်္ဂနွေ(ညနေ) သန့်ရှင်းရေးအသင်း၏ ဩဝါဒါစရိယ ဆရာတော် ဆူးခါးပရိယတ္တိစာသင်တိုက်၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဇနိတ အရှင်သူမြတ်၏ သက်တော် (၇၈)နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာပွဲ၊ တနင်္ဂနွေ(ညနေ) သန့်ရှင်းရေးအသင်းတည်ထောင်ခြင်း နှစ်(၃၀)ပြည့် ပုလဲရတု အခမ်းအနား၊ ပထမအကြိမ် သက်ကြီးပူဇော်ပွဲ အခမ်းအနားနှင့် ရွှေတိဂုံစေတီတော်ကြီးအား တနင်္ဂနွေ (ညနေ)သန့်ရှင်းရေးအသင်း၏ ပုလဲရတုအထိမ်းအမှတ်အဖြစ် ရွှေစင်ရွှေသား သုံးကျပ်သားကို ဆူးခါးပရိယတ္တိစာသင်တိုက်ကြီးအား စတင်တည်ထောင်တော်မူခဲ့သော ဆရာတော်ကြီးနှစ်ပါးကိုရည်စူး၍ စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဇနိတနှင့် ရွှေတိဂုံစေတီရင်ပြင်၊ တနင်္ဂနွေ (ညနေ)သန့်ရှင်းရေးအသင်းမှ အသင်းသူ၊ အသင်းသားများစုပေါင်းပြီး ငွေကျပ် ၁၅၆၀၀၀၀ တန်ဖိုးရှိ ရွှေပြားရွှေသင်္ကန်း ရေစက်ချပွဲအခမ်းအနားတို့ကို ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့)တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဆူးခါးပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်၍ အသင်းဝင်တိုင်း ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ရန် အသိပေး နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (က–ပ)

စာပြန်ပွဲနှင့် စာအောင်ဆုနှင်းသဘင် ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၉

သမိဒ္ဓေါဒယ သုခိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင်ကျောင်းတိုက်၌ (၆၄)ကြိမ်မြောက် သဒ္ဓမ္မဓဇ အာဂမ+သဘာဝ နှစ်ဌာနစာမေးပွဲကို ဖေဖော်ဝါရီ ၁၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ စတင်ဖွင့်လှစ်ပြီး စာအောင်ဆုနှင်းသဘင် အခမ်းအနားနှင့် အစိုးရသာသနဓဇဓမ္မာစရိယဘွဲ့ရ ဆရာလေးများ၊ အစိုးရနိကာယ် တစ်နိုင်ငံလုံး သီလရှင်ပထမ၊ အစိုးရပါဠိပထမပြန် ပထမငယ်တန်း တစ်နိုင်ငံလုံး သီလရှင်ပထမ ဆရာလေးများအား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားတို့ကို ဖေဖော်ဝါရီ ၁၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပမည်ဖြစ်ပါ၍ အလှူရှင်များ ကိုယ်တိုင် ကြွရောက်ကြည်ညိုကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က–ပ)

သာကေတမြို့နယ် အမက(၁)တွင် ၂၀၀၇–၂၀၀၈ခု ပညာသင်နှစ် ထူးချွန်ဆုရရှိသူများ ဂုဏ်ပြုပွဲကို ဇန်နဝါရီ ၂၆ ရက်က ကျင်းပရာ ကျောင်းအဆင့် အထွေထွေဘာသာထူးချွန်ဆုရ မမျိုးသီရိကျော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းငွေ ဆုချီးမြှင့်စဉ်။

(ပညာရေး)

အသားချောင်း၊ အသားလုံး၊ အသားပြားများနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန်နှင့် အစားအသောက်များ၏ အရည်အသွေးကို စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ဈေးကွက်တွင် ရောင်းချလျက်ရှိသော အသားချောင်း၊ အသားလုံး၊ အသားပြား နမူနာများကို စိစစ်ရာ Nitrite ပါဝင်မှုမှာ ပါဝင်ခွင့်ပြုသည့် သတ်မှတ်ချက်ထက် ကျော်လွန်နေပါသဖြင့် အများပြည်သူစားသုံးရန် မသင့်လျော်ပါကြောင်း အသိပေးအပ်ပါသည်။

စဉ်	အစားအသောက် အမျိုးအမည်	အမှတ်တံဆိပ်	လုပ်ငန်းအမည်	လိပ်စာ
၁။	Smoked Bacon	Mr. Cook	Produced by Myanmar Interfood Co., Ltd.	No.82,Opposite Myawaddy Television, Thandae Bin Village, Hmawbi Township,Yangon. Tel: 01-727444
၂။	Pork Bologna			
၃။	Smoked Chicken Breast			
၄။	Chicken Cheese Sausage			
၅။	Fish Tofu			

ကျန်းမာရေးဝန်ကြီးဌာန

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀–၂–၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂:၃၀ ၅။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် –မေ့မေတ္တာ**
- ၁:၅၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၁:၅၅ ၇။ အပိတ်နှုတ်ဆက်စကား
- ၂:၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၄:၄၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၉။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၁။ အုံ့ဩဖွယ်ရာဆပ်ကပ်ပညာ
- ၆:၄၅ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – ဒီလှိုင်းနှင့်အတူ (အပိုင်း–၁၈)**
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ပဟေဠိနန်းတော်
- ၁၈။ ကျန်းမာသုတ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – ပြည်ချစ်သူရဲကောင်း (အပိုင်း–၃၂)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော မွန်ပြည်နယ်

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၀၇	တိုးတက်မှု
၁	စိုက်ပျိုးမြေဧရိယာ	ဧက	၈၉၁၅၉၆	၁၂၈၄၅၀၃	၃၉၂၉၀၇
၂	ဆည်တမံ	ခု	၃	၁၀	၇
၃	မြစ်ရေတင်လုပ်ငန်း	ခု	–	၇	၇
၄	ကြိုးဝိုင်းတော	စတုရန်းမိုင်	၇၃၂	၄၉၇၀၀၇	၄၉၆၂၇၅
၅	ကြိုးပြင်ကာကွယ်တော	စတုရန်းမိုင်	–	၃၉၇၉၀	၃၉၇၉၀
၆	ရထားလမ်း	မိုင်	၁၉၅	၂၀၇	၁၂
၇	ကားလမ်း	မိုင်	၄၂၄	၄၅၃	၂၉
၈	လေယာဉ်ကွင်း	ခု	၂	၃	၁
၉	ပေ(၁၈၀)အထက်တံတား	စင်း	၃	၁၂	၉
၁၀	စာတိုက်စခန်း	ခု	၅၈	၆၅	၇
၁၁	ကြေးနန်းရုံး	ရုံး	၁၆	၁၉	၃
၁၂	တယ်လီဖုန်းရုံး	ရုံး	၁၁	၃၂	၂၁
၁၃	ပုဂ္ဂလိကစက်ရုံ	ရုံ	၁၅၃၅	၂၄၃၇	၉၀၂
၁၄	အခြေခံပညာကျောင်း	ကျောင်း	၁၂၀၅	၁၃၆၁	၁၅၆
၁၅	နည်းပညာတက္ကသိုလ်၊ကောလိပ်	ခု	–	၁	၁
၁၆	ကွန်ပျူတာတက္ကသိုလ်	ခု	–	၁	၁
၁၇	ဆေးရုံများ	ရုံ	၂၀	၃၁	၁၁

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကတိုက်ကျေးရွာရှိ ကတိုက်ရေလှောင်တမံကို တွေ့ရစဉ်။

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြု

သံလွင်တံတား (မော်လမြိုင်)

ပြည်သူများ ဆက်သွယ်သွားလာမှု လွယ်ကူအဆင်ပြေစေရေးအတွက် မွန်ပြည်နယ် မော်လမြိုင်မြို့တွင် သံလွင်မြစ်ကို ဖြတ်ကျော် တည်ဆောက်ပေးထားသည့် သံလွင်တံတား (မော်လမြိုင်)ကို တွေ့ရစဉ်။

မော်လမြိုင် တက္ကသိုလ်

မွန်ပြည်နယ် အတွင်းရှိ ကျောင်းသား ကျောင်းသူများ အဆင့်မြင့် ပညာများကို ဒေသအတွင်း၌ ပင်လက်လှမ်းတမီ သင်ယူနိုင်ရန်အတွက် တည်ဆောက် ပေးထားသော မော်လမြိုင် တက္ကသိုလ်ကို တွေ့ရစဉ်။

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

မညီညွတ်ခြင်းသည်ပင် ဘေးအန္တရာယ်ဟု မြင်၍

လှိုင်အောင်



အသီးတစ်ရာ အညှာတစ်ခု
ဒို့ ပြည်ထောင်စု

ယခုနောက်ပိုင်း နေ့စဉ်သတင်းစာများတွင် နိုင်ငံတကာသတင်းများကို စိတ်ဝင်စားဖွယ်ဓာတ်ပုံများနှင့်တကွ ကျယ်ကျယ်ပြန့်ပြန့် မြိုင်မြိုင်ဆိုင်ဆိုင် ထည့်သွင်းလာသည်ကို သတိထားမိသည်။ အစစအရာရာ၌ ကောင်းသည်ဆိုးသည်မဟူ ကမ္ဘာနှင့်ချီ၍ အလျင်အမြန် ပျံ့နှံ့နေသော ခေတ်ကြီးတွင် နိုင်ငံတကာဖြစ်စဉ်ဖြစ်ရပ်များကို စုံစုံလင်လင်နှင့် မြန်မြန်ဆန်ဆန် သိခွင့်ရသဖြင့် ကြိုဆိုပါ၏။

သတင်းစာများ၏ ကျေးဇူးကြောင့် ကမ္ဘာ့ဖြစ်ရပ်များကို သတင်းစာမျက်နှာပေါ်တွင် တစုတပေါင်းတည်း ဖတ်ရသောအခါ သိသာထင်ရှားသော အချက်တစ်ခုကို သတိထားမိပြန်သည်။ ယင်းမှာ ကမ္ဘာအနှံ့ သွေးထွက်သံယို တိုက်ခိုက်အကြမ်းဖက်မှုများ များပြားနေခြင်းပင်ဖြစ်၏။ သီရိလင်္ကာတွင် ဗုံးပေါက်ကွဲ၍ ဝန်ကြီးတစ်ဦး သေဆုံးသောသတင်း၊ တမီးလ်ကျားသူပုန်များကို သီရိလင်္ကာအစိုးရက ဖိအားပေးစစ်ဆင်နေပြီး အပစ်အခတ်ရပ်စဲမှု ပျက်ပြားသွားသောသတင်း၊ အရှေ့အလယ်ပိုင်းတွင် ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးနှင့် ပါလက်စတိုင်း ဟားမတ်စ်အဖွဲ့တို့အကြား တိုက်ခိုက်သောသတင်း၊ ဟားမတ်စ်အုပ်စုနှင့် ဖာတာအုပ်စုတို့ တိုက်ခိုက်မှုသတင်း၊ အီရတ်၌ အသေခံဗုံးပေါက်ကွဲ၍ ဆွန်နီဒေသခေါင်းဆောင်နှင့် လူအများအပြား သေဆုံးမှု သတင်း၊ အမေရိကန်လေတပ်က အယ်လ်ခိုင်ဒါတို့ ပုန်းခိုရာ နေရာဟု မသင်္ကာသော စွန်ပလွံပင်အုပ်စုကို ၁၀ မိနစ်အတွင်း ဗုံး ၁၈ တန် ကြဲချသောသတင်း၊ အာဖဂန်နစ္စတန်တွင် ကြယ်ငါးပွင့်ဟိုတယ်တစ်ခုအတွင်း၌ တာလီဘန် အသေခံဖောက်ခွဲရေးသမားများက ဖောက်ခွဲတိုက်ခိုက်၍ နိုင်ငံခြားသားအချို့အပါအဝင် လူအများ သေဆုံးမှုသတင်း၊ ပါကစ္စတန်နိုင်ငံတွင် လာဟိုး၊ ကရာချိ စသောမြို့များ၌ ဗုံးပေါက်ကွဲမှုသတင်းများ၊ ပါကစ္စတန်အနောက်ဘက် နယ်စပ်ဒေသတွင် အစိုးရတပ်များနှင့် လူမျိုးစုလက်နက်ကိုင်များ အပြင်းအထန် တိုက်ခိုက်မှုကြောင့် အများအပြား ထိခိုက်သေဆုံးမှုသတင်းများစသည် စသည်ဖြင့် စိတ်မသက်သာဖွယ် ဖြစ်ရပ်များကို နေ့စဉ်ဖတ်ရှုနေရသည်။

ဤတွင် ထပ်မံသတိပြုမိသည်မှာ ယင်းအကြမ်းဖက်တိုက်ခိုက်မှုများ အနက် အများစုမှာ နိုင်ငံသားအချင်းချင်း ပစ်မှတ်ထား၍ တိုက်ခိုက်နေကြခြင်းဖြစ်သည်။ ဘာကြောင့် ဤသို့ အချင်းချင်းသတ်နေကြပါသနည်းဟု ဆန်းစစ်ကြည့်သောအခါ ထူးခြားသောအချက်တစ်ခုကို တွေ့ရှိလာရသည်။ ယင်းမှာ အဆိုပါ အနိဋ္ဌာရုံဖြစ်ရပ်မှန်သမျှ နယ်ချဲ့တို့၏ လက်ရာ ခြေရာမကင်းခြင်းပင် ဖြစ်၏။

တစ်ပါးနိုင်ငံကို နယ်ချဲ့ရာတွင် ဂန္ထဝင်မြောက်အလွယ်ကူ အသက်သာဆုံးနှင့်အထိရောက်ဆုံးနည်းမှာ ယနေ့ထက်တိုင် မရိုးနိုင်သည့် သွေးခွဲအုပ်ချုပ်မှုစနစ် (Divide and Rule)ပင် ဖြစ်၏။ ဤစနစ်သည် လွယ်ကူ ထိရောက်သလောက် ရေရှည်အကျိုးသက်ရောက်မှုလည်း ရှိရကား ယနေ့ထက်တိုင် အချင်းချင်းသတ်ဖြတ်တိုက်ခိုက်မစဲ၊ ရန်ငြိုးများ သည်းနေကြသည့် ဖြစ်ရပ်အချို့၏ မြစ်ဖျားခံရာ သမိုင်းကြောင်းမှာ ကိုလိုနီခေတ်မှ အမွေဆိုးများကို ဆက်ခံခဲ့ကြရခြင်းဖြစ်ကြောင်း တွေ့ရ၏။

ဥပမာအားဖြင့် သီရိလင်္ကာနိုင်ငံတွင် ခွဲထွက်ရေးတောင်းဆိုကာ ဆူပူအုံကြွနေသော တမီးလ်ကျားသူပုန်တို့နှင့် ဆင်ဟာလီဗဟိုအစိုးရတို့၏ ပဋိပက္ခအရင်းအမြစ်မှာ ကိုလိုနီခေတ်က လောဘဇောတိုက်၍ သီဟိုဠ်ကျွန်းတွင် ကော်ဖီစိုက်ရန် လုပ်ခစျေးပေါသော တမီးလ် လုပ်သားများကို အိန္ဒိယမှ အလုံးအရင်းဖြင့် ခေါ်သွင်းခိုင်းစေခဲ့သည့် ဗြိတိသျှနယ်ချဲ့တို့၏ လုပ်ရပ်ပင်ဖြစ်သည်။ ဆင်ဟာလီတို့ထက်ပိုမိုကျိုးနွံ နာခံတတ်သည့် တမီးလ်တို့အား လက်ရင်း၌ထား၍ မွေးမြူကာ သာသနာပြုကျောင်းများ ထောင်၍ အင်္ဂလိပ်စာသင်ကြားပေးခြင်း၊ ခေတ်ပညာသင်ပေးခြင်းနှင့် ကိုလိုနီအစိုးရလက်အောက်ခံ ဗျူရိုကရက်များအဖြစ် ပျိုးထောင်ပေးခဲ့ခြင်းတို့က လူအများစုဒေသခံဆင်ဟာလီနှင့် တမီးလ်တို့အကြား သွေးကွဲစေခဲ့သည်။ နယ်ချဲ့တို့က မိမိအကျိုးစီးပွားအတွက် သွေးခွဲပေးခဲ့ရာမှ ယနေ့ထက်တိုင်လူပေါင်း ၇၀၀၀သေဆုံးပြီးသည်အထိ မပြေသည့်ရန်ငြိုးဖြင့် နှစ်ဖက်အပြန်အလှန် သွေးကြွေးဆပ်၍ မကုန်ဘဲရှိနေသည်။

အလားတူပင် အစ္စရေး–ပါလက်စတိုင်း ပြဿနာသည်လည်း ဘဲလ်ဖိုးသဘောတူညီချက်ဖြင့် ဗြိတိသျှစောင့်ရှောက်ခံ ပါလက်စတိုင်းနယ်အတွင်းသို့ ဂျူးလူမျိုးများကို တိတ်တဆိတ်ပို့လွှတ် ခွင့်ပြုခဲ့သည့် ဗြိတိသျှနယ်ချဲ့တို့၏ စနက်မီးမှုစခဲ့သည့် ကိစ္စပင်ဖြစ်၏။ ဤပြဿနာသည်လည်း ယနေ့ထက်တိုင် မရေမတွက်နိုင်သော အသက်ပေါင်း မြောက်မြားစွာ ရင်းနှီးခဲ့ရသည့်တိုင် ပြေလည်ရန် လမ်းစနှင့်ဝေးနေဆဲ ဖြစ်သည်။

ဤသို့ခေတ်ဟောင်း ဂန္ထဝင်ကိုလိုနီဆိုးမွေခံ ပြဿနာများရှိသကဲ့သို့ ခေတ်သစ်နယ်ချဲ့ဝါဒီတို့၏ စနက်ကြောင့် သွေးပင်လယ်ဝေနေရဆဲ ပြဿနာများမှာ အများသိကြသည့်အတိုင်း အီရတ်၊ အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်စသော အာရှအနောက်ပိုင်းဒေသများတွင် တွေ့နိုင်ပါသည်။ ထိုနိုင်ငံများတွင် ပြည်ပအင်အားကြီးနိုင်ငံတို့က ယင်းတို့၏အကျိုးစီးပွားအတွက် ယင်းတို့အလိုကျ အင်အားသုံးစွက်ဖက်မှုများ၊ အိမ်ကြက်ချင်း အိုးမဲသုတ်၍ ခွပ်ခိုင်းမှုများကြောင့် ပြည်ပတပ်များလက်ချက်ဖြင့်လည်းကောင်း၊ နိုင်ငံသားအချင်းချင်း လက်ချက်ဖြင့်လည်းကောင်း အပြစ်မဲ့ပြည်သူတို့၏ အသက်ပေါင်းများစွာ အချည်းနှီးဆုံးပါးရလျက်ရှိသည်။ အီရတ်တွင် ၂၀၀၃ခုနှစ်နောက်ပိုင်း အကျိုးမဲ့ သေဆုံးရသူပေါင်းမှာ ၁၅၁၀၀၀မှ ၆၀၀၀၀၀ ခန့်အကြားရှိသည်ဟု လေ့လာချက် **စစ်တမ်းများက ဆိုသည်။**

ခေတ်ဟောင်းဖြစ်စေ၊ ခေတ်သစ်ဖြစ်စေ နယ်ချဲ့တို့အတွက် တိုင်းတစ်ပါးကိုလွှမ်းမိုးနိုင်ရန် အလွယ်ဆုံးနှင့် အထိရောက်ဆုံးနည်းမှာ ပစ်မှတ်ထားသော လူ့အဖွဲ့အစည်း၊ ပစ်မှတ်ထားသော နိုင်ငံကို ဖရိုဖရဲ မညီမညွတ်ဖြစ်အောင် သပ်လျှိုသွေးခွဲခြင်းပင်ဖြစ်သည်။ အက်ကြောင်းရှိလျှင် ရေဝင်နိုင်သည်။ အပေါက်အပြဲ အနာဝရှိလျှင် ပြင်ပမှ ရောဂါပိုးဝင်နိုင်သည်။ ၂၀၀၁ခုနှစ်က အာဂန်နစ္စတန်စစ်ပွဲတွင် တင့်ကားမပါ၊ အမြောက်ကြီးမသုံး၊ ခြေလျင်တပ်ရင်း တစ်ရင်းမျှ တပ်မချဘဲ လက်တစ်ဆုပ်စာ အထူးတပ်ဖွဲ့ဝင်များဖြင့် ခက်ခဲကြမ်းတမ်းလှသော နယ်မြေ၌ တာလီဘန်အင်အားအများအပြားကို အနိုင်ယူနိုင်ခဲ့သည်မှာ အာဖဂန် မြောက်ပိုင်းဒေသမှ လူမျိုးစုလက်နက်ကိုင်များကို အမေရိကန်တို့က သွေးခွဲစည်းရုံးနိုင်ခဲ့သောကြောင့် ဖြစ်သည်။

မည်သည့် အကြောင်းကြောင့်ဖြစ်စေ အချင်းချင်းသတ်ဖြတ်တိုက်ခိုက်ကြရပြီဆိုလျှင် မည်သူတွေ အကျိုးကျေးဇူးရပါသနည်း။ နိုင်ငံသားအချင်းချင်းပဋိပက္ခကြောင့် မည်သည့်နိုင်ငံသားမျှအကျိုးမရှိသည်မှာ သေချာလှပါသည်။

ယခုဖော်ပြခဲ့သည့် ပြည်တွင်းပဋိပက္ခများ၏ သက်တမ်းကိုဆန်းစစ်ကြည့်လျှင် ပါလက်စတိုင်း ပြဿနာ(၁၉၄၈မှ ယနေ့အထိနှစ်ပေါင်း ၆၀)၊ သီရိလင်္ကာပြဿနာ (၁၉၆၃မှ ယနေ့အထိ ၄၅နှစ်)၊ အာဖဂန်နစ္စတန်ပြဿနာ (၂၀၀၁မှ ယနေ့အထိခုနစ်နှစ်)၊ အီရတ်ပြဿနာ (၂၀၀၃မှ ယနေ့အထိ ငါးနှစ်)ရှိပြီဖြစ်ပြီး ယင်းပြဿနာများ မည်သည့်ကာလတွင် အဆုံးသတ်နိုင်မည်ကို မေးခွန်းထုတ်ပါလျှင်မူ မည်သည့်နိုင်ငံတကာရေးရာ ပညာရှင်မဆို ‘မသိပါ’ဟုသာ ရိုးသားစွာ ဖြေဆိုကြရမည် ဖြစ်လေသည်။

ထိုသို့ အဆုံးမမြင်သော ပဋိပက္ခပြဿနာကြောင့် မည်သူတွေမည်မျှ အကျိုးရှိပါသနည်း။ နိုင်ငံတစ်ခုတွင် ပဋိပက္ခဟူသည်မှာ သွေးယိုစီးနေသော ဒဏ်ရာတစ်ခုနှင့်တူသည်။ ကြာလာသည်နှင့်အမျှ သွေးများ ယိုစီးဆုံးရှုံးကာ အင်အားယုတ်လျော့လာမည်။ ပြင်ပမှ ပယောဂရောဂါပိုးများ ဝင်ရောက်လာကာ ငန်းမန်းစွဲ၍ သတိလစ်မေ့မြောကုမရတော့သည့် အဆင့်သို့ရောက်သွားနိုင်သည်။

အလားတူပင် ပဋိပက္ခကြောင့် ချူးချူးကျကာ တိုင်းပြည်ပါ **ပျက်လုနီးပါးဖြစ်သွားသော နိုင်ငံများ (ဥပမာ–ဆိုမာလီယာ၊ ရဝမ်ဒါ) ပြိုကွဲသွားသော ပြည်ထောင်စုနိုင်ငံများ(ဥပမာ–ယူဂိုဆလပ်ပြည်ထောင်စု၊ ဆိုဗီယက်ပြည်ထောင်စု)ကိုသာ တွေ့ဖူးပါသည်။ ပဋိပက္ခကြောင့်ကြီးပွားချမ်းသာတိုးတက်ဖွံ့ဖြိုးသွားသော နိုင်ငံမျိုး တစ်ခါမျှ မတွေ့ဖူးပါ။ ဆင်းရဲသည်ထက်ဆင်းရဲ၊ မွဲသည်ထက်မွဲကြသည်သာ ဖြစ်ပါသည်။**

နည်းနာပရိယာယ်ကြွယ်ဝလှသော ခေတ်သစ်နယ်ချဲ့စနစ်နှင့် ရင်ဆိုင်နေရသောကာလတွင် အရေးအကြီးဆုံးအချက်မှာ ပိုက်ကွန်ကိုပိုက်ကွန်မှန်း သိဖို့ပင်ဖြစ်၏။ အသိအမြင်မရှင်းသူများ၊ အထူးသဖြင့် အနည်းငယ်သာသိပြီး ကိုယ့်ကိုယ်ကို သိလှပြီထင်နေသူများမှာ နယ်ချဲ့တို့၏ ပိုက်ကွန်ကို ရွှေနော်ဇာပန်းခက်ဟုထင်ကာ ထွေးပိုက် ကျေနပ်နေတတ်ကြသည်။ ထိုသို့သော သူများရှိနေသရွေ့ နယ်ချဲ့တို့၏ ပိုက်ကွန်အတွင်း သက်ဆင်းမိကာ ရုန်းမထွက်နိုင်ဖြစ်ကြရ ချေမည်။ နယ်ချဲ့တို့ကလည်း ပိုက်ကွန်တွင်းမှ ရုန်းမထွက်နိုင်စေရန် အချင်းချင်း မညီမညွတ် ပြိုကွဲတိုက်ခိုက်နေကြလေအောင် သပ်လျှိုရန်တိုက်ပေးနေမည်သာဖြစ်။

**အထက်တွင် ပါရှိခဲ့သည့် ပါလက်စတိုင်
အီရတ်၊ ဆိုမာလီယာ၊ ရဝမ်ဒါစသ
သတင်းစာများတွင် ခေတ်စားနေသော
ပြဿနာနိုင်ငံမှန်သမျှ ဆင်းရဲဒုက္ခနွံတွင်
တွေ့နိုင်သည်။**

**ဤပြဿနာပဋိပက္ခများတွင်
တောမီးလောင်မှ တစ်ဝမ်းစာဝ၍ လက်
များ၊ ပွဲလန့်တုန်း ဖျာခင်းလိုသူများ၊ သ
ကို အခွင့်ကောင်းယူ အမြတ်ထုတ်လို**

ဥပမာ–အီရတ်နှင့် အာဖဂန်နစ္စတ
သိမ်းပိုက်ခဲ့ပြီးနောက် မတည်ငြိမ်မှုနှင့်
ပြကာ ပြန်ထွက်မသွားတော့ဘဲ တပ်စွဲ
အစိုးရများကား နိုင်ငံကိုလည်း အေးချ
မတတ်နိုင်၊ ပြည်ပတပ်ဖွဲ့များကိုလည်
နိုင်ဖြစ်ကာ သူတစ်ပါးခိုင်းသမျှ လုပ်
အလားတူပင် ကုလသမဂ္ဂ လုံခြုံရေး
ဆားဗီးယားနိုင်ငံက အချုပ်အခြာအာ
ပြုထားသည့် ကိုဆိုဗိုဒေသ၌ ဒေသလူမျ
လူမျိုးများကို တစ်ဖက်သတ် လွတ်
အကျပ် မြောက်ထိုးပင့်ကော် ပြုနေသည်
ကိုဆိုဗိုကို လွတ်လပ်ရေးကြေညာပြီ
လျှင်လည်း နိုင်ငံတကာစောင့်ရှောက်
တပ်ဖွဲ့များ ဆက်လက်တည်ရှိနေဦး
ကင်းမဲ့၍ အင်အားနည်းပါးလှသော ကို
ရုပ်သေး အစိုးရမှာလည်း အစစအရာ
လက်ဝေခံဘဝ၌သာ နေရဦးမည်မှာ
ဆာ့ဘ်တို့နှင့် မသင့်မမြတ်ဖြစ်ကာ
သွေးချောင်းစီးရဦးမည်ဖြစ်သည်။

စင်စစ်၌ နိပါတ်တော်လာ
အသက်နှင့်ရင်း၍ အချင်းချင်းသ
ခြသေ့်ကဲ့သို့ သွေးအလိမ်းလိမ်းဒဏ်ရ
လဲခါမှ နံဘေးသစ်ငုတ်တိုတွင် လာနား
ပုံဝတ္ထုကိုသင်ခန်းစာယူသင့်ပေ၏။ အချ
ရေအိုင်လည်းနောက်၊ အသက်လည်
နောင်တရကြ၍ သောက်ရေကို နှစ်ဦ
ပြန်သွားနိုင်ကြလျှင် အကျိုးအရှိဆုံး ဖြစ်
လင်းတအိုကြီး၏ နှုတ်သီးဖျား၌သာ

ကမ္ဘာ့အင်အားကြီး ရုပ ပါဝါနိုင်
အရာရှိတစ်ဦးက ထင်ရှားသော စစ်ပည
မတည်ငြိမ်မှုသည် မိမိတို့နိုင်ငံ၏ အကျ
ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ်ရေး
ပါသည်။ သမိုင်းကြောင်းအရလည်း ပြ
မည်သူအကျိုးအရှိဆုံးဖြစ်ခဲ့သည်ကို
ပါ၏။

သို့သော် **ခေတ်သစ်နယ်ချဲ့တို့သ
တို့ထက် ပိုမိုပရိယာယ်ကြွယ်ဝကြ၏။
နည်း (more subtle ways) များဖြ
ဒီမိုကရေစီ မျက်မှန်စိမ်းကိုတပ်ပေးကာ
ကောက်ရိုးခြောက်များကို ထိုးကျွေးတ
ကဲ့သို့ စစ်သင်္ဘောများဖြင့် တက်လာ
ငှက်ကလေးကဲ့သို့ ဖမ်းဆီး၍ ပြည်သူ
ပေါ်ပေါ်ထင်ထင် ကျွန်ပြုနည်း မဟ
နည်းလမ်းစုံဖြင့် နိုင်ငံတစ်ခုကို စန
ဒူးထောက်ကျွန်ခံလာစေသည့် အဝေ
တစ်နည်းဆိုသော် ကွန်ရက်စနစ်ဖြင့်
စီမံကာ ကျွန်ပြုသော ကွန်ရက်ဗ**

အထက်တွင် ပါရှိခဲ့သည့် ပါလက်စတိုင်း၊ သီရိလင်္ကာ၊ အာဖဂန်နစ္စတန်၊ အီရတ်၊ ဆိုမာလီယာ၊ ရဝမ်ဒါစသည့် နိုင်ငံများသာမက ယနေ့ သတင်းစာများတွင် ခေတ်စားနေသော ဆူဒန်၊ ကင်ညာနိုင်ငံများပါမကျန် ပြဿနာနိုင်ငံမှန်သမျှ ဆင်းရဲဒုက္ခနွံတွင်း၌ နစ်ပြီးရင်း နစ်နေကြရသည်ကို တွေ့နိုင်သည်။

ဤပြဿနာပဋိပက္ခများတွင် အမှန်တကယ် အကျိုးရှိသူမှာ တောမီးလောင်မှ တစ်ဝမ်းစာဝ၍ လက်ခမောင်းခတ်ရသော တောကြောင်များ၊ ပွဲလန့်တုန်း ဖျာခင်းလိုသူများ၊ သူတစ်ပါးမညီညွတ် မငြိမ်သက်မှုကို အခွင့်ကောင်းယူ အမြတ်ထုတ်လိုသော နယ်ချဲ့များသာဖြစ်သည်။

ဥပမာ–အီရတ်နှင့် အာဖဂန်နစ္စတန်တွင် ပြည်ပတပ်များ ဝင်ရောက်သိမ်းပိုက်ခဲ့ပြီးနောက် မတည်ငြိမ်မှုနှင့် မညီညွတ်မှုများကို အကြောင်းပြကာ ပြန်ထွက်မသွားတော့ဘဲ တပ်စွဲထားတော့သည်။ ဩဇာခံရုပ်သေးအစိုးရများကား နိုင်ငံကိုလည်း အေးချမ်းတည်ငြိမ်အောင် မိမိတို့ဘာသာ မတတ်နိုင်၊ ပြည်ပတပ်ဖွဲ့များကိုလည်း ပြန်သွားပါဟု မောင်းမထုတ်နိုင်ဖြစ်ကာ သူတစ်ပါးခိုင်းသမျှ လုပ်နေရသည့်ဘဝ ရောက်နေရသည်။ အလားတူပင် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ၏ ဆုံးဖြတ်ချက်ဖြင့် ဆားဗီးယားနိုင်ငံက အချုပ်အခြာအာဏာ ပိုင်သည်ဟု အသိအမှတ်ပြုထားသည့် ကိုဆိုဗိုဒေသ၌ ဒေသလူများစုဖြစ်သည့် အယ်လ်ဘေးနီးယန်းလူမျိုးများကို တစ်ဖက်သတ် လွတ်လပ်ရေးကြေညာစေရန် အတင်းအကျပ် မြှောက်ထိုးပင့်ကော် ပြုနေသည်မှာလည်း နယ်ချဲ့များပင်ဖြစ်သည်။ ကိုဆိုဗိုကို လွတ်လပ်ရေးကြေညာပြီး ဆားဗီးယားမှ ခွဲထွက်သွားလျှင်လည်း နိုင်ငံတကာစောင့်ရှောက်ကြီးကြပ်မှု အမည်ခံကာ ပြည်ပတပ်ဖွဲ့များ ဆက်လက်တည်ရှိနေဦးမည်သာဖြစ်သည်။ သယံဇာတကင်းမဲ့၍ အင်အားနည်းပါးလှသော ကိုဆိုဗိုတွင် တက်လာသည့် ဩဇာခံရုပ်သေး အစိုးရမှာလည်း အစစအရာရာ သူတစ်ပါးကိုသာ အားကိုးကာ လက်ဝေခံဘဝ၌သာ နေရဦးမည်မှာ သေချာသည်။ ထို့အပြင် လူနည်းစုဆာ့ဘ်တို့နှင့် မသင့်မမြတ်ဖြစ်ကာ လက်နက်ကိုင် ပဋိပက္ခများဖြင့် သွေးချောင်းစီးရဦးမည်ဖြစ်သည်။

စင်စစ်၌ နိုပါတ်တော်လာ သောက်ရေတစ်ပေါက်အတွက် အသက်နှင့်ရင်း၍ အချင်းချင်းသတ်ပုတ်ကြသည့် တောဝက်နှင့် ခြင်္သေ့ကဲ့သို့ သွေးအလိမ်းလိမ်းဒဏ်ရာများဖြင့် နှစ်ဦးသားအားပြတ်၍ လဲခါမှ နံဘေးသစ်ငုတ်တိုတွင် လာနားနေသော လင်းတကိုမြင်ကြသည့် ပုံဝတ္ထုကိုသင်ခန်းစာယူသင့်ပေ၏။ အချင်းချင်း ဆက်လက်သတ်ပုတ်လျှင် ရေအိုင်လည်းနောက်၊ အသက်လည်း ပျောက်ရုံသာရှိတော့မည်ဟု နောင်တရကြ၍ သောက်ရေကို နှစ်ဦးခွဲဝေသောက်ကာ အေးချမ်းစွာ ပြန်သွားနိုင်ကြလျှင် အကျိုးအရှိဆုံး ဖြစ်ပေလိမ့်မည်။ သို့မဟုတ်လျှင်ကား လင်းတအိုကြီး၏ နှုတ်သီးဖျား၌သာ ဇာတ်လမ်းဆုံးကြရမည်ဖြစ်၏။

ကမ္ဘာ့အင်အားကြီး ဗူပါ ပါဝါနိုင်ငံကြီးမှ အထက်တန်းစစ်ဘက်အရာရှိတစ်ဦးက ထင်ရှားသော စစ်ပညာစာစောင်တစ်ခုတွင် "ကမ္ဘာကြီး မတည်ငြိမ်မှုသည် မိမိတို့နိုင်ငံ၏ အကျိုးစီးပွားကိုဖြစ်စေသည်"ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ်ရေးသားထားသည်ကို ဖတ်ရှုခဲ့ရဖူးပါသည်။ သမိုင်းကြောင်းအရလည်း ပြီးခဲ့သည့် ကမ္ဘာစစ်ကြီးနှစ်ခုတွင် မည်သူအကျိုးအရှိဆုံးဖြစ်ခဲ့သည်ကို သမိုင်းလေ့လာဖူးသူတိုင်း သိကြပါ၏။

သို့သော် **ခေတ်သစ်နယ်ချဲ့တို့သည် ခေတ်ဟောင်းကိုလိုနီနယ်ချဲ့တို့ထက် ပိုမိုပရိယာယ်ကြွယ်ဝကြ၏။ ပိုမိုသိမ်မွေ့နူးညံ့၍ မမြင်သာသောနည်း (more subtle ways) များဖြင့် နဖားကြိုးထိုးတတ်ကြသည်။ ဒီမိုကရေစီ မျက်မှန်စိမ်းကိုတပ်ပေးကာ ခေတ်ဆွေးနေသော နယ်ချဲ့ဝါဒကောက်ရိုးခြောက်များကို ထိုးကျွေးတတ်ကြသည်။ ရှေးကိုလိုနီခေတ်ကဲ့သို့ စစ်သင်္ဘောများဖြင့် တက်လာကာ ရှင်ဘုရင်ကို ကြက်ကလေး၊ ငှက်ကလေးကဲ့သို့ ဖမ်းဆီး၍ ပြည်သူတစ်ရပ်လုံးကို အစမ္မကျွန်ပြုသည့် ပေါ်ပေါ်ထင်ထင် ကျွန်ပြုနည်း မဟုတ်တော့ပြီ။ ဘက်စုံထောင့်စုံမှ နည်းလမ်းစုံဖြင့် နိုင်ငံတစ်ခုကို စနစ်တကျဖြိုခွဲ၍ အလိုအလျောက် ဒူးထောက်ကျွန်ခံလာစေသည့် အဝေးထိန်း နယ်ချဲ့နည်းဖြစ်သည်။ တစ်နည်းဆိုသော် ကွန်ရက်စနစ်ဖြင့် ဘက်စုံမှ စနစ်တကျ ထိန်းချုပ်စီမံကာ ကျွန်ပြုသော ကွန်ရက်ဗဟိုပြု၊ နယ်ချဲ့စနစ် (network**



centric imperialism)ဖြစ်သည်။ **နယ်ချဲ့တို့၏ ကွန်ရက်အတွင်း၌ စီးပွားရေး ပိတ်ဆို့မှု၊ စီးပွားပျက်အောင် ဖြိုခွဲမှုစသော စီးပွားရေးနည်းလမ်းများ၊ အဖျက်အမှောင့် ကောလာဟလနှင့် ဆူပူအုံကြွမှုစသော မြေအောက်နိုင်ငံရေး နည်းလမ်းများ၊ဖုံးခွဲခြင်း၊အပြစ်မဲ့ ခရီးသွားပြည်သူများ၊ အေးချမ်းစွာ သွားလာလုပ်ကိုင် စီးပွားရှာနေသော ပြည်သူများကို တိုက်ခိုက်သတ်ဖြတ်ခြင်း စသော အကြမ်းဖက်လုပ်ရပ် နည်းလမ်းများ၊ ပြည်သူလူထုကိုစိတ်ဓာတ်ရေးအရ သိမ်းသွင်းကျွန်ပြုနေသည့် မီဒီယာ နယ်ချဲ့နည်းလမ်းများ၊ လိုအပ်လာလျှင် စစ်အင်အားသုံး၍ အတင်းအကျပ်ဖြိုခွဲသည့် စစ်ရေးနည်းလမ်းများ၊ သံတမန်ရေးအရ ဖိအားပေး အပုပ်ချမှုနည်းလမ်းများ၊ ဩဇာခံရုပ်သေးများကို မွေးမြူစင်တင်၍ နိုင်ငံတကာနှင့် ပြည်တွင်းနိုင်ငံရေးတွင် နေရာရလာရအောင် ဖန်တီးပေးသည့် နိုင်ငံရေးနည်းလမ်းများ၊ တိုင်းရင်းသား လူမျိုးစုများအကြား၊ ဘာသာဝင်များအကြား၊ လူတန်းစားအလွှာများ အကြား စိတ်ဝမ်းကွဲအောင် သပ်လျှိုဖြိုခွဲမှုနည်းလမ်းများ စသည် စသည်ဖြင့် ကျယ်ပြန့်လှသော နည်းလမ်းများစွာ ပါဝင်နေသည်။**

ဤသို့ နည်းနာပရိယာယ်ကြွယ်ဝလှသော ခေတ်သစ်နယ်ချဲ့စနစ်နှင့် ရင်ဆိုင်နေရသောကာလတွင် အရေးအကြီးဆုံးအချက်မှာ ပိုက်ကွန်ကို ပိုက်ကွန်မှန်းသိဖို့ပင်ဖြစ်၏။ အသိအမြင်မရှင်းသူများ၊ အထူးသဖြင့် အနည်းငယ်သာသိပြီး ကိုယ့်ကိုယ်ကို သိလှပြီထင်နေသူများမှာ နယ်ချဲ့တို့၏ ပိုက်ကွန်ကို ရွှေနော်ဇာပန်းခက်ဟုထင်ကာ ထွေးပိုက် ကျေနပ်နေတတ်ကြသည်။ ထိုသို့သော သူများရှိနေသရွေ့ နယ်ချဲ့တို့၏ ပိုက်ကွန်အတွင်း သက်ဆင်းမိကာ ရုန်းမထွက်နိုင်ဖြစ်ကြရ ချေမည်။ နယ်ချဲ့တို့ကလည်း ပိုက်ကွန်တွင်းမှ ရုန်းမထွက်နိုင်စေရန် အချင်းချင်း မညီမညွတ် ပြိုကွဲတိုက်ခိုက်နေကြလေအောင် သပ်လျှိုရန်တိုက်ပေးနေမည်သာဖြစ်၏။

ဤအန္တရာယ်ကို အန္တရာယ်အစစ်အမှန်ဟု သိမြင်နားလည်၍ ဘုရားအလောင်းငုံးမင်းပုံဝတ္ထုကဲ့သို့ ညီညာဖြဖြ ပိုက်ကွန်ကိုဆောင်ကာ ရုန်းထွက်ပျံသန်းနိုင်ကြမှသာလျှင် ခေတ်ဟောင်း၊ ခေတ်သစ်ကိုလိုနီနယ်ချဲ့တို့၏ ကွန်ရက်အောက်မှ လွတ်မြောက်ပြီး ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်သည့် ချမ်းသာသုခကို ရရှိခံစားနိုင်ကြမည်ဖြစ်ကြောင်း မီးမောင်းထိုးပြလိုက်ရပါသတည်း။ ။

၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

(၃) ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

(၄) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၅) အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့် အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် တိုင်းရင်းသားအားလုံး ကြိုးပမ်းဆောင်ရွက်ရေး၊

(၆) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ပြည်ထောင်စုပန်း လန်းပြီကို

☆ ကိုယ့်မြေကိုယ့်တိုင်း၊ ကိုယ့်သမိုင်းကို
မရိုင်းစေရေး၊ ပင်လုံသွေးဖြင့်
ရေးသည့်မော်ကွန်း၊ ပြည်သစ်ထွန်းအောင်
ညွှန်းဖွဲ့သက်သေ တင်ပြီကို။

☆ တစ်လှေထဲစီး၊ တစ်ခရီးထဲသွား
တစ်စီးပွားထဲ၊ တူမခွဲဘဲ
လက်တွဲညီညာ၊ စည်းလုံးကာလျှင်
အနာဂတ်လမ်း၊ တူလျှောက်လှမ်းလျက်
အောင်ပန်းတူဆွတ်၊ ဒို့ညီညွတ်မည်
တုလွတ်ရွှေပြည် နီးပြီကို။

☆ ပြည်ပအားကိုး၊ ပုဆိန်ရိုးတို့
သွေးထိုးမြှောက်ပင့်၊ အကြံနှင့်လျှင်
အခွင့်ကိုချောင်း၊ အကြောင်းကိုဖန်
အမှန်ကိုဖျောက်၊ ပြည်လုံးမှောက်အောင်
အကောက်ကြံကြံ၊ သွေးခွဲကြလည်း
မြန်မာ့သွေးပီ၊ ရဲခဲ့သည်တည့်
မြန်မာ့သားပီ၊ ညီခဲ့သည်တည့်
ကိုယ့်ပြည်ကိုယ့်ရွာ၊ ကိုယ့်မြေချာကို
တွယ်တာမြတ်နိုး၊ ကွယ်ကာမိုးလျက်
ဆတိုးချစ်ကြည်၊ ကမ္ဘာတည်မျှ
ပြည်ထောင်စုပန်း လန်းပြီကို။

☆ ပြည်လည်းစည်သာ
ညီလည်းညီညာ
ချီရာလမ်းကြောင်း၊ မတိမ်းစောင်းဘဲ
နှစ်ပေါင်းထောင်ချီ၊ သမိုင်းရှည်ဝယ်
ခိုင်ကျည်အားပြု "ပြည်ထောင်စု"ကား
တုနှိုင်းမဲ့ကင်း၊ ဂုဏ်သတင်းနှင့်
ပျံ့သင်းဝေဆာခဲ့ပြီကို။ ။

[(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုလျက်–]

ဇော်မင်းမင်းဦး

၂၀၀၈ ခုနှစ် ဘာလင်ခရီးသွားလုပ်ငန်းပြပွဲသို့ တက်ရောက်ပြသမည့် မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များအား ဝန်ကြီး ဗိုလ်ချုပ် စိုးနိုင် တွေ့ဆုံမှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၉

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စိုးနိုင်သည် ဖေဖော်ဝါရီ ၅ ရက်တွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ၂၀၀၈ ခုနှစ် ဂျာမနီနိုင်ငံ၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ဘာလင်ခရီးသွားပြပွဲသို့ တက်ရောက်ပြသမည့် မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ခရီးသွားလုပ်ငန်းရှင်များ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ လေကြောင်းကုမ္ပဏီများမှ တာဝန်ရှိသူများက မိမိတို့ပါဝင်ပြသကြမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူနှင့် ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ခရီးသွားလုပ်ငန်းပြပွဲကို ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်ပြီး နိုင်ငံပေါင်း ၁၈၀ မှ ကုမ္ပဏီပေါင်း တစ်သောင်းကျော်တို့က ခရီးသွားလုပ်ငန်း ပြခန်းများ ဖွင့်လှစ်ပြသကာ မိမိတို့နိုင်ငံရှိ ခရီးစဉ်ဒေသအသီးသီး၊ ခရီးသွားဆွဲဆောင်မှုများနှင့် မိမိတို့၏ ခရီးသွားလုပ်ငန်းဝန်ဆောင်မှုများကို မြှင့်တင်ပြသသော ကမ္ဘာလုံးဆိုင်ရာ ခရီးသွား ပြပွဲတစ်ခုဖြစ်သည်။ ယခုနှစ်တွင် အဆိုပါပြပွဲသို့ မြန်မာနိုင်ငံမှ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဘုတ်အဖွဲ့အောက်ရှိ မြန်မာနိုင်ငံ ဈေးကွက်မြှင့်တင်ရေးကော်မတီ၊ ဟိုတယ်လုပ်ငန်း ခုနစ်ခု၊ ခရီးသွားလုပ်ငန်း ၁၄ ခုနှင့် လေကြောင်းကုမ္ပဏီသုံးခုတို့မှ ကိုယ်စားလှယ် ၃၀ ပါဝင်တက်ရောက်၍ ပြခန်းများ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကားပြော

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စိုးနိုင် ၂၀၀၈ ခုနှစ် ဂျာမနီနိုင်ငံတွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ဘာလင်ခရီးသွားလုပ်ငန်းပြပွဲသို့ တက်ရောက်ပြသမည့် လုပ်ငန်းရှင်များအား အမှာစကားပြောကြားစဉ်။
(ဟိုတယ်/ခရီး)

မော်လမြိုင်မြို့ ဩဝါဒပါတိမောက်ခမ္မစေတီ ကျောက်စာတော် စိုက်ထူပူဇော်ခြင်း ပန္နက်တော်တင် မင်္ဂလာကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၉

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သမိုင်းဝင် ဦးဇိနဆံတော်ရှင် စေတီတော်မြတ်ကြီး၏ ပရိဝုဏ်၌ ဩဝါဒပါတိမောက်ခမ္မစေတီ ကျောက်စာတော် စိုက်ထူပူဇော်ခြင်း ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၆ နာရီခွဲတွင် အဆိုပါ စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်သောကြာထောင့်၌ ကျင်းပရာ ရှေးဦးစွာ မော်လမြိုင်မြို့ ပန်းဘဲတန်းရပ် ရွှေပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ပညာဝံသထံမှ ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြပြီး စေတီတော် ဩဝါဒစရိယ ရွှေပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် အမှူးပြုသော ဆရာတော်ကြီး ကိုးပါးတို့က ဩဝါဒပါတိမောက်ခမ္မစေတီ ကျောက်စာတော် စိုက်ထူပူဇော်ရေးအတွက် ပန္နက်တော် တင်ပေးတော်မူကြသည်။ **(အပေါ်ပုံ)**

ထို့နောက် စေတီတော်မြတ်ကြီး ဘက်စုံပြုပြင် တည်ဆောက်မှုလုပ်ငန်းများနှင့် ဩဝါဒပါတိမောက် ခမ္မစေတီ ကျောက်စာတော်တို့အတွက် မွန်ပြည်နယ် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ပြည်နယ်ရောင်းဝယ်ရေးအရာရှိ ဦးစိန်မြင့်နှင့် ဇနီး ဒေါ်အေးအေးချစ် မိသားစုတို့က ကျောက်စာတော်နှင့် ငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သာသနဝေပုလ္လဓမ္မဗိမာန်တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၉

သာကေတမြို့နယ် ၄/တောင်ရပ်ကွက် သာသနဝေပုလ္လဓမ္မဗိမာန်၌ ဖေဖော်ဝါရီ ၁၀ရက်တွင် မိုးညို ဆရာတော်ဘဒ္ဒန္တ ဇာနေယျ (သာသနာ့ ဓဇမ္မာစရိယ) LL.Bနှင့် ဖေဖော်ဝါရီ ၁၁ရက်တွင် ဓမ္မစေတီအရှင်ကောသလ္လ (သာသနတက္ကသီလ မဟာဓမ္မာစရိယ) (M.A-Buddhism)တို့က ည ၇ နာရီမှ စတင်၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

အင်အားအားကစားဂျာနယ် တာဝန်ခံအယ်ဒီတာ ဦးမြင့်သူ (ဝဲ) **က ကိုရဲနိုင်အား ဆုငွေ ကျပ် ၃၀၀၀၀၀ ပေးအပ်ချီးမြှင့်စဉ်။** (ကြေးမုံ)

၂၀၀၇ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆုများ၊ ပညာသင်ဆုများ ထုတ်ပြန်ကြေညာ

နေပြည်တော် ဖေဖော်ဝါရီ ၉

ပခုက္ကူမြို့မှ စေတနာရှင် ဦးအုံးဖေက နိုင်ငံတော်သို့ လွှဲအပ်လှူဒါန်းသော စာပေရန်ပုံငွေ၏ အတိုးအညွန့်များဖြင့် ၁၉၉၃ ခုနှစ်မှစပြီး စာမူပြိုင်ပွဲများ ခေါ်ယူ၍ နှစ်စဉ် ဆုများချီးမြှင့်လျက်ရှိရာ ၂၀၀၇ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆုပြိုင်ပွဲတွင် စာပေဆုရရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာက ဖေဖော်ဝါရီ ၈ရက်တွင် ထုတ်ပြန်ကြေညာသည်။

ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို သန်းအောင်(အညာမြေ)၏ **"ပန်းတစ်ခြင်းနှင့် ဈေးခင်းအလယ် ကဗျာများ"**ကလည်းကောင်း၊ ဒုတိယဆုကို အောင်သာဆန်း(သံတွဲ)၏ **"တေးသီ ၄ုက်၏ ထာဝရမိုးကောင်းကင် ကဗျာစု"** ကလည်းကောင်း၊ တတိယဆုကို မြေလတ်မင်းလွင်၏ **"မုဒိတာဖျန်းတဲ့ မြကျွန်းမြေ ကဗျာများ"**က လည်းကောင်း ရရှိကြသည်။

ဝတ္ထုရှည်ဆုတွင် ပထမဆုကို သိန်းသန်းဝင်း(မလှိုင်)၏ **"ပိုးမင်းစိမ်းဖြူပုံသန်းလေစေတော်မူ"**က ရရှိသည်။

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ဒုတိယဆုကို ကျွန်းစဉ်မြေစောခက်၏ **"မိုးဦးလေနှင့် လျှောတော့သည်နှင့် အခြားဝတ္ထုတိုများ"**က လည်းကောင်း၊ တတိယဆုကို သိန်းဇော် (ရွှေလီဦး)၏ **"ပိုးကွန်ရက်နှင့်တူသော လက်များ"** ဝတ္ထုတိုပေါင်းချုပ်က လည်းကောင်း ရရှိကြသည်။

ကျမ်းစာပေဆုတွင် ပထမဆုကို မောင်မောင်ညွန့် (မန်းတက္ကသိုလ်)၏ **"ရှေးခေတ်မြန်မာစာပေဆိုင်ရာ ကျမ်းများလေ့လာမှု"**က ရရှိသည်။

သုတေသနစာပေဆုတွင် ပထမဆုကို မောင်ယဉ်လှိုင်း (ပျဉ်းမမြိုင်)၏ **"မြန်မာမှု အဆင်တန်ဆာများနှင့် ဘုန်းတော်ကြီးကျောင်းများ"**က လည်းကောင်း၊ ဒုတိယဆုကို နီငြိမ်း (အညာတက္ကသိုလ်)၏ **"ကုန်းဘောင်ခေတ် (ပထမပိုင်း) ဂန္ထဝင်မြန်မာစာပေမိတ်ဆက်"က** လည်းကောင်း ရရှိကြသည်။

ပခုက္ကူဦးအုံးဖေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် ၂၀၀၇ ခုနှစ် **"တစ်သက်တာစာပေဆု"** အတွက် စာရေးဆရာကြီးဒေါက်တာသော်ကောင်း (ဦးသော်ကောင်း)အား ရွေးချယ်လိုက်ကြောင်း သိရသည်။

ယဉ်ကျေးမှုတက္ကသိုလ်များမှ ပညာသင်ဆုရရှိသူများ

ပခုက္ကူဦးအုံးဖေ ပညာသင်ဆုကို ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ မစုဦးထက် (ဒုတိယနှစ်-သဘင်)က လည်းကောင်း၊ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)မှ မောင်မင်းမင်းမြတ်(ပထမနှစ်-ဂီတ) ကလည်းကောင်းအသီးသီးရရှိကြသည်။

၂၀၀၇ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆုနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၀၈ ခုနှစ် မတ်လ ၁ ရက်(စနေနေ့) နံနက် ၉နာရီတွင် ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆုရသူများသည် စာတည်းမှူးချုပ် စာပေဗိမာန် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း- ၀၁-၂၄၀၀၄၈ နှင့် ၃၈၁၄၄၉ တို့သို့ အမြန်ဆုံးဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၈ရက်က အမက(၈) ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ပညာရည်ချွန်ဆုပေးပွဲတွင် ဘက်စုံထူးချွန် ဒုတိယဆုရ သူငယ်တန်းမှ မောင်ကိုကိုဇော်ဝဏ္ဏအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေး ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြို့ပြအင်/ယာဘွဲ့ရ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၆၉-၁၉၇၅ ခုနှစ် မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မတ် ၂ရက်(တောင်သူလယ်သမားနေ့)တွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ပစ္စည်းနှင့် အလှူငွေများကို ဦးသန်း ဖုန်း-၀၁-၅၂၄၆၂၅၊ ဦးခင်လတ် ဖုန်း-၀၁-၇၂၃၅၃၊ ဦးမောင်ဝင်း(ဆည်မြောင်း) ဖုန်း-၀၆၇-၄၁၃၁၀၇၊ ဦးကျော်ဝင်း (ဆောက်လုပ်ရေး) ဖုန်း-၀၉-၈၉၂၈၆၃၁နှင့် ဒေါ်ဌေးဌေးဝင်း(ဆည်မြောင်း)ဖုန်း-၀၅၂-၂၂၁၆၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပရီမီယာရှစ်ခန့်မှန်းပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၉

အင်အား အားကစားဂျာနယ်၏ ပရီမီယာရှစ်ပွဲစဉ် ၁၉ ခန့်မှန်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က ရန်ကုန်မြို့ဆိပ်ကမ်းသာလမ်းရှိ အင်အားအားကစားဂျာနယ်ရုံးခန်း၌ကျင်းပသည်။

အဆိုပါ ခန့်မှန်းပြိုင်ပွဲတွင် အားလုံးမှန်ကန်စွာ ဖြေဆိုနိုင်သူ မရှိသော်လည်း အမှတ်အများဆုံးရသူ တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သူရ (၈)လမ်းမှ ဓာတ်ပုံဆရာ ကိုရဲနိုင်က ပထမဆု ဆွတ်ခူးရရှိသွားသည်။

ဆုချီးမြှင့်ပွဲသို့ အင်အား အားကစားဂျာနယ် ဦးဆောင်နာယက ဆရာ ဦးကျော်ငြိမ်း၊ တာဝန်ခံအယ်ဒီတာ ဦးမြင့်သူနှင့် အယ်ဒီတာအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး တာဝန်ခံအယ်ဒီတာ ဦးမြင့်သူက ကိုရဲနိုင်အား ဆုငွေကျပ် ၃၀၀၀၀၀ ပေးအပ်ချီးမြှင့်လိုက်သည်။ **(အပေါ်ပုံ)** (ကြေးမုံ)

အိမ်မဲမြို့နယ်အသင်း ထမနဲထိုးလှူဒါန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၉

အိမ်မဲမြို့နယ်အသင်း (ရန်ကုန်)၏ ထမနဲထိုးလှူဒါန်းပွဲကို ရန်ကုန်မြို့ (၆)ဝိုင်း မြို့ဦးကျောင်း အိမ်မဲကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဇာနေယျ (ဓမ္မာစရိယ) အား အမှူးပြု ဦးထိပ်ထား၍ ဖေဖော်ဝါရီ ၂၀ရက် (တပို့တွဲ လဆန်း ၁၄) ရက်တွင် ကျင်းပမည်ဖြစ်သည်။

ထိုနေ့ ညနေ ၄နာရီမှ ည၈နာရီအထိ ဧည့်ပရိသတ်များကို လှူဒါန်းကျွေးမွေး မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများနှင့် အိမ်မဲမြို့နယ်သူ၊ မြို့နယ်သားများကြွရောက်သုံးဆောင်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

ကြာအင်းဆိပ်ကြီး အထက အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၉

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အထက်တန်းကျောင်း၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၃၀ ရက် နံနက် ၉နာရီတွင် အဆိုပါကျောင်း ပညာတန်ဆောင်ခန်းမ၌ ကျင်းပမည် ဖြစ်ရာ အသက်(၅၅)နှစ်အထက် အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေ၊ ပစ္စည်းများလှူဒါန်းလိုသူများသည် ဦးထွန်းလွင် (ရန်ကုန်) ဖုန်း-၇၂၄၇၁၃၊ ဒေါ်ခင်အေးဝင်း ဖုန်း-၂၀၀၁၄၀၊ ဦးဆာလောလ (ကြာအင်းဆိပ်ကြီး) ဖုန်း-၀၁-၃၃၃၁၅၇၊ ဒေါ်ကြည်ကြည်ဝင်း ဖုန်း-၀၁-၃၃၃၁၅၆၊ ဦးငြိမ်းရွှေ ဖုန်း-၀၁-၃၃၃၁၅၄၊ ဒေါ်သန်းမြင့် ဖုန်း-၀၁-၃၃၃၁၅၅၊ဦးချစ်မြင့်(မော်လမြိုင်) ဖုန်း-၀၅၇-၂၃၂၀၇သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ရောဝတီတိုင်း၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ငပုတော မြို့နယ်ရှိ ဌာနဆိုင်ရာများအား အမှာစကားပြောကြားစဉ်။ (သစ်တော)

ရန်ကုန် ဖေဖော်ဝါရီ ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဖေဖော်ဝါရီ ၈ရက်တွင် ငပုတောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအားလည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဌာနဆိုင်ရာများနှင့်လည်းကောင်း၊ ငပုတောမြို့နယ်ကျုံကူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ရပ်မိရပ်ဖများ၊ ဝန်ထမ်းများနှင့် လည်းကောင်း တွေ့ဆုံပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် ကျုံကူးတိုက်နယ် ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံငွေပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။ ဝန်ကြီးသည် ဖေဖော်ဝါရီ ၉ရက်တွင် လပွတ္တာမြို့ ဘုရင့်နောင်ရိပ်သာ၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံပြီး မြို့နယ်အတွင်း ဒီရေတောများအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် လပွတ္တာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အသင်း အလုပ်အမှုဆောင်များနှင့်တွေ့ဆုံ၍ ကျေးလက်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

ရွှေတောင်မြို့၌ စာပေဟောပြောမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ပဲခူးတိုင်း ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ရွှေတောင်မြို့ လယ်တီစာကြည့်တိုက်ကော်မတီ၏ ဦးဆောင်မှုဖြင့် ရွှေတောင်မြို့ ပိဋကတ်တော်စာကြည့်တိုက်၌ ဖေဖော်ဝါရီ ၂၃ရက်တွင် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာပေဆုနှင်းသဘင် ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့မှ လူငယ်ဆရာဝန်စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး(ဆေးတက္ကသိုလ်)၊ စာရေးဆရာမောင်လှမျိုး (ချင်းချောင်းခြံ)၊ စာရေးဆရာ မောင်သာချို(ခ) ဂျက်-ကွမ်းခြံကုန်းတို့က စာပေအနုပညာရေးရာများ ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ခနောက်တိုင်းရင်းသားမိသားစုအသင်း ရိုးရာအစားအစာ ဧည့်ခံကျွေးမွေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ခနောက်တိုင်းရင်းသား မိသားစုအသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အခါးရည်ကြမ်းဝိုင်းကို ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် မြို့မရပ် ကြားတောရလမ်းနှင့် ရေတာရှည်လမ်းထောင့်ရှိ ခနောက်တိုင်းရင်းသား ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ ခနောက်တိုင်းရင်းသား မိသားစုအသင်းမှ အသင်းသူ၊ အသင်းသားများ၊ မိသားစုဝင်များ တက်ရောက်ကြရန်နှင့် ရိုးရာအစားအသောက်ဖြစ်သော ကောက်ညှင်းပေါင်း၊ အကြော်၊ အခါးရည်နှင့် ယာဂုနီဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (က-ပ)

အရက်အတူသောက်ပြီး ခိုက်ရန်ဖြစ်ပွားရာမှ လူသတ်မှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၉

တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် အနောက်မြင်းပြိုင်ကွင်းလမ်း ဦးချစ်မောင်အိမ်ရာ တိုက်အမှတ်(၇/၈)ရှိ ဆောက်လုပ်ဆဲ ပထမထပ်အခန်းတွင် ဖေဖော်ဝါရီ ၄ရက် နံနက် ၇နာရီခန့်က ဆောက်လုပ်ရေးအလုပ်သမားများဖြစ်ကြသော ဇော်ဌေး(၄၀)နှစ် (ဘ)ဦးသိန်းအောင် ရတနာသိင်္ဂီလမ်း (၉)ရပ်ကွက် ရွှေပြည်သာမြို့နယ်နှင့် စန်းထွေး(၃၄)နှစ် (ဘ)ဦးအောင်သန်း ဂျပန်လမ်း ရွာမရပ်ကွက် အင်းစိန်မြို့နယ်တို့ အရက်အတူသောက်ခဲ့ကြရာမှ အချေအတင်စကားများ၍ ခိုက်ရန်ဖြစ်ပွားခဲ့ပြီး စန်းထွေးက အုတ်ခဲနှင့်ထု၊ တုတ်နှင့်ရိုက်သဖြင့် ဇော်ဌေး၏ မျက်နှာနှင့် ဦးခေါင်းတို့တွင် ဒဏ်ရာရရှိကာ သေဆုံးခဲ့သည်။ ယင်းနောက် စန်းထွေးသည် ဗဟန်းရဲစခန်းသို့ သွားရောက်အဖမ်းခံခဲ့ပြီး ဗဟန်းရဲစခန်း၏ ဆက်သွယ်အကြောင်းကြားချက်အရ ယင်းနေ့ မွန်းလွဲ ၂နာရီခွဲခန့်တွင် တာမွေရဲစခန်းက ၎င်းအားလွှဲပြောင်းဖမ်းဆီးခဲ့သည်။ ဇော်ဌေး၏ အလောင်းကို တာမွေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သင်္ချိုင်းကျွန်း စံပြဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး စန်းထွေးအား တာမွေရဲစခန်း၌ (ပ)သတင်းချက်အမှတ် ၂၇၀/၂၀၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ အရ အမှုဖွင့် ဖမ်းဆီးအရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထက(၂)သာယာဝတီ (အေ-ဘီ-အမ်)အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

သာယာဝတီမြို့ အထက(၂) (အေ-ဘီ-အမ်)ကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစား ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့) နံနက် ၁၀နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ အငြိမ်းစားဆရာ၊ ဆရာမကြီးများနှင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို သာယာဝတီမြို့တွင် ဦးစံသိန်း ကျောင်းအုပ် အထက(၂) ဖုန်း-၀၅၅-၃၀၀၅၀၊ ဒေါက်တာနီနီအေး ဖုန်း-၀၅၅-၃၀၃၂၆၊ ဒေါ်သန်းသန်းချို ဖုန်း-၀၅၅-၃၀၈၀၉၊ ဦးကျော်ကျော်ဦး ဖုန်း-၀၅၅-၃၀၃၂၇၊ ဦးဇော်ညီညီစိန် ဖုန်း-၀၅၅-၃၀၇၄၉ တို့သို့လည်းကောင်း၊ ရန်ကုန်မြို့တွင် ဦးသက်မော်ဦး ဖုန်း-၂၉၂၈၂၈ နှင့် ဒေါက်တာစုစုခိုင် ဖုန်း-၅၄၁၇၉၁ တို့သို့ လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြောက်ဥက္ကလာပ အလက(၁) မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၉

အလက(၁) မြောက်ဥက္ကလာပ (ယခင်ပွင့်ကောင်းကျောင်း)တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများက (၁၉၆၀ပြည့်နှစ်မှ ၂၀၀၇ခုနှစ်)အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ် ဆရာကြီး၊ ဆရာမကြီးများနှင့် အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့)နံနက် ၉နာရီတွင် ကျောင်းရှိ ၄ဝါဆောင်၌ ပူဇော်ကန်တော့ကြမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ လှူဒါန်းလိုသူများသည် ဦးသန်းထွန်းတင့် (ကျောင်းဖုန်း) ၀၁-၆၉၉၃၆၃၊ ဦးခင်ဇော် ဖုန်း-၀၉-၅၁၆၂၁၄၊ ဦးစံအေး ဖုန်း-၆၉၉၄၄၁၊ ဦးဟုတ်စိန် ဖုန်း-၀၉-၅၀၀၈၄၇၅၊ ဦးမျိုးထွဋ် ဖုန်း-၇၂၆၁၀၈၊ ဦးမြင့်ဆန်း ဖုန်း-၆၉၉၅၈၅၊ ဦးမောင်မောင်စိုး ဖုန်း-၆၉၀၃၃၄၊ ကိုသိန်းစိုး ဖုန်း-၆၅၁၉၈၆၊ ကိုဇော်မင်း ဖုန်း-၆၉၀၃၃၁၊ မမြင့်မြင့်ချို ဖုန်း-၀၉-၅၀၀၆၄၃၃၊ မဝင်းချိုချို ဖုန်း-၀၁-၇၀၀၇၂၂၊ မချောရတနာသန်း ဖုန်း-၇၀၄၂၁၃၊ မယဉ်သူ ဖုန်း-၇၂၆၇၁၂၊ မနန်းနွယ်ဦး ဖုန်း-၀၉-၅၂၃၀၇၅၇၊ ကိုဝင်းဗိုလ် ဖုန်း-၀၉-၅၁၈၀၉၈၅၊ ဒေါက်တာခင်မောင်ဝင်း ဖုန်း-၃၉၀၂၇၀ (ခရမ်း)၊ ကိုမြငွေအောင် ဖုန်း-၀၉-၅၁၄၂၂၅၃ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဥတု ရာသီ တောကို မှီ၏

ခေတ္တလမ်းပိတ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၉

၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၁၂ရက် တွင်ကျရောက်သော (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ရန်ကုန်တိုင်းအဆင့် အခမ်းအနားကို ပြည်သူ့ရင်ပြင်၌ ကျင်းပမည်ဖြစ်သဖြင့် ယင်းနေ့ နံနက် ၆နာရီမှ ၉နာရီအထိ ပြည်သူ့ရင်ပြင်ရှေ့ အလုံလမ်းနှင့် ရှင်စောပုလမ်းအကြား ပြည်လမ်းမကြီးကို ခေတ္တပိတ်ထားမည် ဖြစ်ကြောင်း ကြိုတင်အသိပေး ကြေညာထားသည်။ (သတင်းစဉ်)

အထက(၁)ဒဂုံ ပညာရေးမိသားစု စာရေးတံမဲဖောက်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၉

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာရေးမိသားစု၏ ဆဋ္ဌမအကြိမ်မြောက်ကျင်းပသည့် ဆရာကြီးဒေါ်ဉာဏစာရီ သမိဒ္ဓေါဒယ သုခိတာရာမ မြန်အောင်သီလရှင် စာသင်တိုက်သို့ ဆွမ်းဆက်ကပ်ခြင်းနှင့် စာရေးတံမဲဖောက် လှူဒါန်းပွဲအခမ်းအနားကို အဆိုပါကျောင်းရှိ ညီမူရာခန်းမတွင် ယနေ့နံနက်၌ ကျင်းပရာ အခမ်းအနားသို့ ဒဂုံမြို့နယ် မြို့နယ်ပညာရေးမှူးဦးမင်းစိန်၊ ကျောင်းအုပ်ဆရာကြီး ဒေါက်တာအောင်ကိုကိုနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘဆရာအသင်း အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ မိဘများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး သီလရှင်အပါး ၂၇၀ ကျော်တို့အား လှူဖွယ်ပစ္စည်းဆက်ကပ်ကြသည်။

အဆိုပါ သီလရှင်စာသင်တိုက်သို့ လှူဒါန်းသော ပစ္စည်းများမှာ အထက(၁) ဒဂုံကျောင်းရှိ အတန်းအသီးသီးမှ စုပေါင်းလှူဒါန်းသော လှူဖွယ်ပစ္စည်းများဖြစ်ပြီး သီလရှင်များကိုယ်တိုင် မဲနှိုက်ကာ လှူဒါန်းခြင်းဖြစ်ကြောင်း သိရှိရသည်။ (က-ပ)

မြန်မာနိုင်ငံဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

မြန်မာနိုင်ငံ ဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့က ကြီးမှူးကျင်းပမည့် "Symposium on Food-Borne Diseases and Food Safety" ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၆ရက် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ(A)တွင် ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို မှတ်ပုံတင်၍ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၂-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"ဘာတွေကိုအလိုရှိလို့လှူကြတာလဲ"တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
၈း၀၅-၂း၀၅	Soccer Update
၈း၂၀-၂း၂၀	တေးဂီတအစီအစဉ်
၈း၂၅-၂း၂၅	Sunday Talk [မောင်မြင့်ကြွယ်(မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်)၊ ကိုကို(စက်မှုတက္ကသိုလ်)၊ ဦးအောင်မိုး(မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အလုပ်အမှုဆောင်)]
၉း၂၀-၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀-၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅-၃း၃၅	မွန်ရိုးရာဝတ်စားဆင်ယင်မှု
၉း၄၀-၃း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅-၃း၄၅	ရှေးဟောင်းအမွေဆည်ကန်ရေစိမ်းစိုလန်းဖြာမြကန်သာ
၉း၅၅-၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၅-၄း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၁၀-၄း၁၀	ဆံတော်ရှင်ထံပူဇော်ဆီမီး(၅၀၀၀)အလှူတော်
၁၀း၂၅-၄း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀-၄း၃၀	ရိုးရာအလုပ်မှာနီးတောင်းနီးဖျာ
၁၀း၄၅-၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅-၄း၅၅	**အလှကိုယ်စီရှိကြသည်** (အကယ်ဒမီထက်ထက်မိုးဦး၊ ပိုင်သိခ်၊ ရိတ၊ နှင်းအိဝင်း) [ဒါရိုက်တာ-ဝေဠု (ဝဿန်)]
၁၁း၀၅-၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀-၅း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၅-၅း၁၅	Euro Goals
၁၁း၃၅-၅း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀-၅း၄၀	ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်) ပြင်ဦးလွင်မြို့ (အပိုင်း-၂)
၁၂း၀၅-၆း၀၅	နိုင်ငံတကာအနုပညာရေးရာ
၁၂း၂၅-၆း၂၅	လွင်မိုးခရီးသွားနေသည်(အပိုင်း-၃)
၁၂း၅၅-၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၅၅	ManUtd-Man City	ESPN(Live)
၁၀း၂၅	Chelsea-Liverpool	ESPN(Live)

Series A ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	AC Milan-Siena	5-Cartoon(Live)
၂း၀၀	Catania-Inter Milan	5-Cartoon(Live)

Africa Cup of Nations (2008) ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၁း၃၀	Cameroon-Egypt	Euro Sport(Live)

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

နိုင်ငံတော်နှင့် တိုင်းရင်းသားတို့အတွက် အခြေခံကောင်းများ ဖြစ်ပေါ်တိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ နိုင်ငံတော်တွင် တပ်မတော်မှ တာဝန်ယူအုပ်ချုပ်ခြင်းကို ဒီမိုကရေစီပြည်သူ့အုပ်ချုပ်ရေးစနစ်ဖြင့် ပြောင်းလဲရန်သင့်တော်ပြီဖြစ်၍ ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ခုနှစ်တွင် ကျင်းပပေးမည်

❒ ရှေ့ဖုံးမှ

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
(ကြေညာချက်အမှတ် ၂/၂၀၀၈)
၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)

၁။ တပ်မတော်အစိုးရသည် ၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော ဆူပူအကြမ်းဖက်အုံကြွမှုများကြောင့် နိုင်ငံတော်၏တာဝန်ကို မလွှဲမရှောင်သာ ရယူခဲ့ရပါသည်။

၂။ ထိုအချိန်မှစ၍ ပျက်ပြားသွားသော နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပြန်လည်ရရှိအောင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ခဲ့သည့်နည်းတူ ပြည်သူများအနေဖြင့် ပရိယေသနဝမ်းစာရှာဖွေမှုကို လွတ်လပ်အေးချမ်းစွာ လုပ်ကိုင်နိုင်ရန်လည်း ဆောင်ရွက်ပေးခဲ့ပါသည်။

၃။ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်အတွက် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကိုရှေ့ရှုပြီး ဆည်မြောင်းတာတမံ၊ မြစ်ရေတင်စီမံကိန်း၊ မြေအောက်ရေရရှိရေး စီမံကိန်းများကို အစုအဖွဲ့လိုက် တည်ဆောက်ပေးခြင်း၊ တစ်မျိုးသားလုံးအတွက် စားရေရိက္ခာဖူလုံစိတ်ချရစေရန် ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးခြင်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်စေရန် စီမံဖော်ဆောင်ခြင်းတို့ကို အားကြိုးမာန်တက် ဆောင်ရွက်ပေးခဲ့ပါသည်။

၄။ ထို့အပြင် စိုက်ပျိုးရေးနိုင်ငံမှ စက်မှုနိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်ရေးအတွက် နိုင်ငံတော်ပိုင်းမှ စက်မှုလုပ်ငန်းကြီးများ တည်ထောင်ဆောင်ရွက်ပြီး ပုဂ္ဂလိကပိုင်း စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်လည်း စက်မှုဇုန်များထူထောင်၍ အားပေးခဲ့ပါသည်။

၅။ နိုင်ငံတော်တွင် ပြည်သူတို့၏ဆန္ဒနှင့်အညီ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ရန်အတွက် ပြည်တွင်း ပြည်ပ ကူးသန်းရောင်းဝယ်မှုများ ဖွံ့ဖြိုးတိုးတက်စေရန် ပြည်သူတို့နှင့် လက်တွဲဆောင်ရွက်ပေးခဲ့ပါသည်။

၆။ နိုင်ငံတော်အတွင်း ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စီမံကိန်းဖြင့် ဆောင်ရွက်ပေးခဲ့သည့်နည်းတူ တိုင်းရင်းသားများ အချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်သွယ် သွားလာနိုင်ရေးအတွက် ရေခြားမြေခြား အဟန့်အတားများကို ဖယ်ရှားပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် တည်ဆောက်ပေးခဲ့ပါသည်။

၇။ နိုင်ငံတော်အတွင်း လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် ကွာဟမှုနည်းနိုင်သမျှ နည်းစေရန်အတွက် အထူးဒေသကြီး(၂၄)ခု သတ်မှတ်၍ တက္ကသိုလ်များ၊ ကျောင်းများကို ဖွင့်လှစ်ပေးခဲ့ပါသည်။ ထို့အတူ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးအတွက် အထူးကုဆေးရုံကြီးများ၊ ဆေးရုံများနှင့် ကျေးလက်ဆေးရုံများကို တိုးချဲ့မြှင့်တင်ပေးခြင်း၊ အသစ်တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

၈။ ဤကဲ့သို့ နိုင်ငံတော်နှင့် တိုင်းရင်းသားတို့အတွက် အခြေခံကောင်းများ ဖြစ်ပေါ်တိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ယခုအခါ ပြီးပြည့်စုံခြင်း မရှိသေးသော်လည်း အခြေခံလိုအပ်သည့် တည်ဆောက်မှုများကိုမူ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။

၉။ ထိုသို့အခြေခံကောင်းများကို တည်ဆောက်ပေးပြီးဖြစ်သည့်အတွက် နိုင်ငံတော်တွင်တပ်မတော်မှ တာဝန်ယူ အုပ်ချုပ်ခြင်းကို ဒီမိုကရေစီပြည်သူ့အုပ်ချုပ်ရေးစနစ်ဖြင့် ပြောင်းလဲ ရန် သင့်တော်ပြီဖြစ်၍ ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ခုနှစ်တွင် ကျင်းပပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ

(ပုံ) သီဟသူရ တင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
✱ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

✱ စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✱ ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို

☆ ဦးအောင်မွန်(မဟာဝိဇ္ဇာ)၏ **"သည်းချာညီနောင် ချစ်ထုံးနှောင်"** (ကဗျာ) စာမျက်နှာ—၃
☆ **တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော မွန်ပြည်နယ်** (ဓာတ်ပုံမှတ်တမ်း) စာမျက်နှာ—၇
☆ လှိုင်အောင်၏ **"မညီညွတ်ခြင်းသည်ပင် ဘေးအန္တရာယ်ဟုမြင်၍"** (ဆောင်းပါး) စာမျက်နှာ— ၈၊၉
☆ ဇော်မင်းမင်းဦး၏ **"ပြည်ထောင်စုပန်း လန်းပြီကို"** (ကဗျာ) စာမျက်နှာ—၉
☆ ဝင်း ၏ (ကာတွန်း) စာမျက်နှာ—၉